http://www.dhammadownload.com

လိုတိုင်းရ

တတိုင်းပြည်သော ဂုဏ်တော်



ဘဒ္ဒန္တနာရဒါဘိဝံသ(လှရတနာ)

ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အင်္ဂကထာပြန်အကျော်

သ·စ·အ မှောစရိယ၊ ဝင်္သကာ၊ ပါဠိပါရဂူ၊

တိပိဋကဿဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

http://www.dhammadownload.com

သမ္မာဒါန် ဓမ္မဒါန် ဓိမာတိ

အလှူတကာတွင်

တရားဓမ္မအလှူသည်အမြတ်ဆုံး

သို့

မှ

အမှတ်တရ ဓမ္မဒါနလက်ဆောင်မွန်

နေ့စွဲ----------

http://www.dhammadownload.com

လိုတိုင်းရှ

တတိုင်းပြည့်သော

ဂုဏ်တော်

လုရတနာစာစဉ် (၆၈)

ဘဒ္ဒန္တနာရဒါဘိဝံသ (လုရတနာ)

(ပထမကျော်, အဂ္ဂမဟာအကျော်, အဋ္ဌကထာပြန်အကျော်,

ဝင်္သကာ, ပါဠိပါရဂူ, သ-ဓ-အ ဓမ္မာစရိယ။

တိပိဋကသြဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

သာသနာ -၂၅၆၁၊ ဂကာဇာ-၁၃၇၉၊ ခရစ်-၂၀၁၇

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း - ပထမအကြိမ် ၂၀၁၇-အောက်တိုဘာလ။

အုပ်ရေ - ၁၅၀၀

စီစဉ်သူ - ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)

မျက်နှာဖုံးဒီဇိုင်း - ကိုမြင့်မောင်၊

ဓာတ်ပုံ - ကိုအောင်ဟိန်း

ပုံနှိပ်သူ - ဦးမြင့်ဦး

(သိန်းသန်းဦး အောက်ဖ်ဆက်)

အမှတ်(၁၂၁/၁၁၉)၊ ၃၄-လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း-၂၅၂၆၂၀၊ ၃၉၈၀၃၁။

ထုတ်ဝေသူ - ဦးမြင့်ဦး (ရွှေကျေးစာပေ)

ဘဒ္ဒန္တနာရဒါဘိဝံသ-လိုတိုင်းရ တတိုင်းပြည့်သော ဂုဏ်တော်
ရွှေကျေးစာပေ ၂၀၁၇-၃၄၈၊ အောက်တိုဘာလ၊ ပထမအကြိမ်၊
၄၁၉- စာ၊ ၁၃၊ ၂၂၊ × ၂၀-စင်တီ
လိုတိုင်းရ တတိုင်းပြည့်သော ဂုဏ်တော်

http://www.dhammadownload.com

မိတ်ဆက် အမှာစာ

သူတ္တန္တပိဋကဒီဃနိကာယ် မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်၌ သင်္ဂီယနာတင် ရဟန္တာထေရ် အရှင်တို့က ဘုရားစေတီ တည်ထားခြင်းနှင့်စပ်၍ ဤသို့မိန့်တော်မူခဲ့ကြ၏။ **တသ္မေဝ တေဇေန အယံ ဝသုန္ဓရာ၊ အာယာဂ သေဒ္ဓေဟိ မဟီ အလင်္ကတာ**- ထိုဘုရားမါတ်တော်မွေတော်တို့၏ အစွမ်းကြောင့် ရတနာမြေဖြစ်သော ဤမြေပြင်ကြီးကို မြတ်သော ဓာတုစေတီတို့ကို တည်ထားပူဇော်ခြင်းတို့ဖြင့် အလှတန်ဆာ ဆင်ယင်အပ်ပြီ။

ထိုရဟန္တာအရှင်မြတ်ကြီးတို့၏ စကားကို ဦးထိပ်ပန်ဆင်၍ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဗန်မော်ဆရာတော်ကြီး၊ အိန္ဒိယနိုင်ငံ ကုသိနာရုံဆရာတော်ကြီး၊ ရွှေသုဝဏ်ဆရာတော်ကြီးစသော ဆရာတော်ကြီး(၅)ပါးတို့ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်လျက် ကိုရီးယားနိုင်ငံ ဂယောင်ဂီပြည်နယ် ယုံအင်မြို့ ဘိုမွန်ကျောင်ဆာ၌ ငြိမ်းချမ်းအေး ရွှေစေတီ (ရွှေတိဂုံပုံတူ နောင်တော်ကြီးစေတီ) တည်ထားရန် စီစဉ်တော်မူကြ၏။

ထိုကိုးရီးယားနိုင်ငံ ဂယောင်ဂီပြည်နယ် ဘိုမွန်ကျောင်ဆာအရပ်ဒေသ၌ ဗန်မော်ဆရာတော်ကြီး၊ ကုသိနာရုံ

http://www.dhammadownload.com

(ခ)

ဆရာတော်ကြီးနှင့် လှရတနာဆရာတော်တို့အဖွဲ့သည် ကိုရိုးယားနိုင်ငံမှာ ရှိကြသည့် သံဃာများနှင့်အတူ (၁၁၊ ၉၊ ၂၀၁၇) တနလ်ာနေ့ နံနက် (၉-၄၅) နာရီတွင် အန္တရာယ်ကင်းမြေသန့်မဂ်လာ ဆောင်ရွက်တော်မူခဲ့ကြ၏။ (၃၀၊ ၉၊ ၂၀၁၇) ရက်နေ့၌မူ ရွှေသုဝဏ်ကျောင်းတိုက်တွင် စတီးရွှေရောင်ဖြင့် နောင်တော်ကြီးစေတီတည်နိုင်ရန် လုပ်ငန်းအပ်နှံ စာချုပ်ကို ချုပ်ဆိုကြ၏။ (၁၄၊ ၁၀၊ ၂၀၁၇) စနေနေ့ နံနက် (၈-၁၀) နာရီ၌မူကား တော်ဝင်မြန်မာမှုအလုပ်ရုံတွင် ပန္နက်တော်တင်မဂ်လာ စတင်ပြုလုပ် ခဲ့လေသည်။ အလှူရှင်များ အဆင်ပြေသည့်ရက်တွေမှာ လှရတနာကျောင်း၌ အလှူငွေပေးအပ်ပွဲများကို လည်း ကျင်းပခဲ့ပေသည်။ (၈၊ ၁၀၊ ၂၀၁၇) တနင်္ဂနွေနေ့ အလှူငွေပေးအပ်ပွဲ၌မူ **"လိုတိုင်းရ တတိုင်းပြည့်သော ဂုဏ်တော်"** တရားတော်ကို ဟောကြားပေးခဲ့ပါသည်၊ (၂၈၊ ၁၀၊ ၂၀၁၇) စနေနေ့တွင် စာရေးသူ၏ မွေးနေ့မဂ်လာပွဲ ကျင်းပမည်ဖြစ်၏။ ဤနှစ်မွေးနေ့ပွဲ ကျင်းပချိန်မှာ ကိုရိုးယား၌ စေတီတည်ချိန်နှင့် တိုက်ဆိုင်နေပါ၏။ သို့ဖြစ်ရာ အမှတ်တရမွေးနေ့ပွဲဖြစ်ရန် "လိုတိုင်းရ တတိုင်းပြည့်သော ဂုဏ်တော်"တရားကို ဓမ္မဒါန စာအုပ်အနေဖြင့် စီစဉ်လိုက်ရပါ၏။ ဤဓမ္မဒါနစာအုပ်တွင် သုံးပိုင်းပါရှိရာ-

http://www.dhammadownload.com

(က) အပိုင်းဌ ဘုရားဂုဏ်တော်ကွန်ချာ ပွားများနည်းနှင့်အကျိုးများ၊

(ခ) အပိုင်းဌ ဂုဏ်တော်ကွန်ချာအမျိုးမျိုး၊

(ဂ) အပိုင်းဌ ကိုရီးယားစေတီမှတ်တမ်းတို့ ပါဝင်ပါသည်။

ကိုရီးယားနိုင်ငံမှာ မြေစိုက်စေတီဖြစ်သော ငြိမ်းချမ်းအေး ရွှေစေတီ (ရွှေတိဂုံပုံတူ နောင်တော်ကြီးစေတီ) တည်ထားရာမှ ဤ **"လိုတိုင်းရ တတိုင်းပြည့်သော ဂုဏ်တော်"** တည်းဟူသော နှလုံးသားစေတီများ တိုးပွားလာခြင်း ဖြစ်ပါသည်။ မိမိတို့ကိုယ်တိုင် ဘုရားဒါယကာ, ဘုရား ဒါယိကာမတို့အနေဖြင့် တည်ထားကြသည့် နှလုံးသားစေတီတို့၏ အစွမ်းတေဇော် အာနုဘော်ကြောင့် ရွှေတိဂုံပုံတူ နောင်တော်ကြီးစေတီသည် အနှောက်အယှက် ကင်းရှင်းစွာဖြင့် လျှင်မြန်စွာ ပေါ်ထွန်းလာပါ စေသတည်း။

ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ)

(၂၀-၁၀-၂၀၁၇) သောကြာနေ့

http://www.dhammadownload.com

လိုတိုင်းရာ
တတိုင်းပြည်သော ဂုဏ်တော်
ဓမ္မဒါန ကုသိုလ်ရှင်



ဗုဒ္ဓဂယာဂုညသဟာယကအဖွဲ့ ဥက္ကဋ္ဌ

ဦးကြည်ဝင်း+ဒေါ်ရီရီအေး

မိသားစု ကောင်းမှု

နိဗ္ဗာန်ဆု

http://www.dhammadownload.com

မာတိကာ

(က) လိုတိုင်းရာ တတိုင်းပြည်သော ဂုဏ်တော်

၁။ သောဠသဗလစေတီတော် ၁

၂။ နိရောဓသမာပတ်စွမ်းအင် ၃

၃။ ပန်းသည်မလေး မလ္လိကာ ၇

၄။ ဓနိယရဟန္တာမထေရ်စကား ၉

၅။ အပ္ပမာဒဘာဝနာ ၁၁

၆။ ဗုဒ္ဓါနုဿတိဘာဝနာ ၁၆

၇။ ဘုရားဂုဏ်တော်ကိုးပါး အဓိပ္ပါယ် ၁၉

၈။ ဂုဏ်တော်ကိုးပါးကို နှစ်ပါးဖြင့် အကျဉ်းချုပ်နည်း ၂၁

၉။ ဂုဏ်တော်ကိုးပါးကို သုံးပါးဖြင့် အကျဉ်းချုပ်နည်း ၂၅

၁၀။ ဂုဏ်တော်ကွန်ချာ (၁၀၈)လုံး ပုတီးစိပ်နည်း ၂၇

၁၁။ ကောဋ္ဌာသကမ္မဋ္ဌာန်း အနုလုံ+ပဋိလုံ ၃၀

၁၂။ သုဘူတိထေရာပဒါန်လာ စကား ၃၂

http://www.dhammadownload.com

၁၃။ ပဒုမုတ္တိုရ်ဘုရားရှင်၏ တိုက်တွန်းချက် ၃၄

၁၄။ ဗုဒ္ဓါနုဿတိ ပွားများရကျိုးများ ၃၈

၁၅။ အင်္ဂုတ္တိုရ်ပါဠိတော်လာ အကျိုးများ(၇)ပါး ၄၁

၁၆။ မဟာနာမသုတ်လာ အကျိုးများ (၁၁)ပါး ၄၂

၁၇။ ဝိသုဒ္ဓိမဂ်လာ အကျိုးများ (၁၂)ပါး ၄၄

၁၈။ ထိုထိုအပါဒါန်လာ အကျိုးများ (၁၇)ပါး ၄၆

၁၉။ အောင်ပင်လယ် ဦးသိန်းဖေ ၄၈

၂၀။ (၁၂)ပတ် ပုတီးစိပ်ခြင်း ၄၉

(ခ) ဘုရားဂုဏ်တော် ကွန်ချာများ

၂၁။ ဘုရားဂုဏ်တော်(၉)ပါး ဘုရားရှိခိုး ၅၂

၂၂။ ဂုဏ်တော်ကွန်ချာများ(၁၀၈)လုံး ပုတီးစိတ်နည်း ၅၄

၂၃။ ဘုရားဂုဏ်တော်ဖြင့် သစ္စာပြုခြင်း ၅၆

၂၄။ နမော တဿ နှင့် ဂုဏ်တော်(၉)ပါး ၅၈

၂၅၊ ဂုဏ်တော်(၉)ပါးနှင့် ပဌာန်း(၂၄)ပစ္စည်း ၅၈

၂၆။ ဘုရားဂုဏ်တော်(၉)ပါး နှင့်

ဗောဓိပက္ခိယ(၃၇)ပါး ၅၉

http://www.dhammadownload.com

၂၇။ ဘုရားဂုဏ်တော်(၉)ပါး နှင့် ပိဋ္ဌက(၃)ပုံ ၆၀

၂၈။ ဘုရားဂုဏ်တော်(၉)ပါး နှင့် သစ္စာ(၄)ပါး ၆၀

၂၉။ ဘုရားဂုဏ်တော်(၉)ပါး ကွန်ချာ ၆၂

၃၀။ သမ္ဗဒါ(၃)ပါး ဘုရားရှိခိုး ၆၇

(ဂ) ကိုရိုးယားစေတီ မုတ်တမ်း

၃၁။ အန္တရာယ်ကင်း မြေသန့် အခမ်းအနား ၆၉

၃၂။ ပရိကမ္မကြိုတင် အစီအစဉ် ၇၀

၃၃။ ပထမအကြိမ် အခမ်းအနား ၇၄

၃၄။ ဒုတိယအကြိမ် အခမ်းအနား ၇၇

၃၅။ တတိယအကြိမ် အခမ်းအနား ၈၀

၃၆။ ပန္နက်တင်မင်္ဂလာ အခမ်းအနား ၈၂

၃၇။ အမျှဝေ စာတမ်း ၈၅

၃၈။ မွေးနေ့ ဝိဇ္ဇာတမင်္ဂလာ ဖိတ်ကြားလွှာ ၈၆

၃၉။ ကျောင်းဒကာ+ဒကာမ ဓမ္မဂိုဏ် ၉၀

http://www.dhammadownload.com

‘နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ’

(က) လိုတိုင်းရ တတိုင်းပြည်သော ဂုဏ်တော်

သောဋ္ဌသဗလစေတီတော်

ဒီနေ့ ၁၃၇၉-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၃)ရက်၊ ခရစ်နှစ် ၂၀၁၇-ခုနှစ် အောက်တိုဘာလ (၈)ရက်နေ့ နံနက်မှာ ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုကမောင်ဟန်လင်း+ မစန်းစန်းတို့ရဲ့ မိခင်ကြီး ဒေါ်တင်နုကွယ်လွန်အနိစ္စရောက်တာ (၁၆)နှစ် နှစ်ပတ်လည်အထိမ်းအမှတ်အနေဖြင့် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်မှာ သံဃာတော်အပါး (၃၀၀)ကျော်တို့အား

http://www.dhammadownload.com

အာရုံ မြိတ်ကတ်ကြေးကိုက်၊ ခေါက်ဆွဲသုပ် ဆက်ကပ်လျှဒါန်းကြတယ်။ မိခင်ကြီးအတွက် ရည်စူးပြီးတော့ အာရုံဆွမ်းဆက်ကပ်တဲ့ အလှူပွဲမှာပဲ၊ ကိုးရီးယားနိုင်ငံမှာ ပထမဆုံးအနေနဲ့ တည်ထားမည့် ငြိမ်းချမ်းအေး ရွှေစေတီရဲ့ ပဏာမအဖြစ် နောင်တော်ကြီးစေတီ တည်ထားနိုင်ရန် အလှူငွေပါ ပေးအပ်လှူဒါန်းကြတယ်။ မိခင်ကို အကြောင်းပြုပြီးတော့ သံယာတော် အရှင်သူမြတ်တွေကို အာရုံဆွမ်းဆက်ကပ်ခြင်း ကိုးရီးယားနိုင်ငံမှာ စေတီတည်ထားနိုင်ရန် လှူဒါန်းခြင်းအတွက် ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် ဟောကြားမည့်တရားက "လိုတိုင်းရ တတိုင်းပြည့်သော ဂုဏ်တော်"တဲ့။ လိုတိုင်းရ တတိုင်းပြည့်သော ဂုဏ်တော် တရား" မဟောကြားခင် ကွယ်လွန်သွားတဲ့ မိခင်ကြီးက (၁၆)နှစ်မြောက် အထိမ်းအမှတ် အနေနဲ့ ကျွေးမွေးလှူဒါန်းတာဆိုတော့ ကိုးရီးယားနိုင်ငံမှာ တည်ထားမည့် စေတီအတွက် ဒီနှစ်ကျမှ ဖော်ထုတ်လိုက်တဲ့ စေတီတော်က လည်း သောဋ္ဌသဗလစေတီတော်ပါ။ သောဋ္ဌသဆိုတာ ပါဋိလိုပါ။ မြန်မာလိုဆိုရင်တော့ (၁၆)ပါးသော ဂုဏ်တော် တွေပါရှိတဲ့ စေတီတော်လို့ ဆိုလိုတယ်၊ (၁၆)ချင်း တိုက်ဆိုင်နေတဲ့အတွက် ရှေးဦးစွာ ဗလနှစ်ပါး။ သမာဓိစရိ

http://www.dhammadownload.com

ယ (၉)ပါး၊ ဝသီဘော် (၅)ပါးပါဝင်တဲ့ သောဋ္ဌသဗလ စေတီတော်ကို အရင်ဆုံး နှလုံးသားစေတီအနေနဲ့ တည်ထားကြပါမယ်။ ဖြန့်ဝေလိုက်တဲ့ စာရွက် စေတီပုံစံမှာ ကြည့်လိုက်ပါစေတီတည်တဲ့အခါ အောက်ခြေဖောင်ဒေးရှင်း ဖိနပ်ခုံကစပြီး တည်ရပါတယ်။ ဖိနပ်ခုံပြီးတော့မှ အထက်ပစ္စယံ၊ ခေါင်းလောင်းမှောက်၊ ရင်စီး၊ ဖောင်းရစ်၊ ကြာမှောက်၊ ကြာလှန်၊ ဌက်ပျော်ဖူး၊ ထီးတော်၊ စိန်ဖူးတော် ဆိုပြီးတော့ တစ်ဆင့်ချင်း တည်ထားကြရပါတယ်။


နိရောဓသမာပတ်၏ နှစ်မိုးအင်

အခုလည်းပဲ ဘုရား ရဟန္တာနဲ့ အနာဂါမ် ပုဂ္ဂိုလ်တို့သာ ဝင်စားနိုင်တဲ့ နိရောဓသမာပတ်ကို ဘုရားရဟန္တာ အနာဂါမ် အရိယာတို့ ဝင်စားတဲ့အခါ သောဋ္ဌသဗလ စေတီတော်မှာ ထည့်သွင်းထားတဲ့ စျာန်သမာပတ်တွေ၊ သမထဝိပဿနာတွေ ပစ္စဝေက္ခဏာစတဲ့ ဝသီဘော် (၅)တန်ကို ဝင်စားရပါတယ်။ နိရောဓသမာပတ်ဝင်စားပြီးစ ဘုရား၊ ရဟန္တာ၊ အနာဂါမ်ပုဂ္ဂိုလ်တွေကို လျှော့ဒါန်းတဲ့အခါ လျှော့ဒါန်းတဲ့ပုဂ္ဂိုလ်တွေဟာ - လျှော့ဒါန်းတဲ့နေ့မှာဖြစ်စေ၊ လျှော့ဒါန်းပြီး (၇)ရက်အတွင်းမှာဖြစ်စေ၊ အကျိုးပေးတာကို ခံစားရတယ်။ အမျိုးသားဆိုရင်လည်း သူဌေးသူကြွယ်၊

http://www.dhammadownload.com

စစ်သူကြီး ဘုရင်ဖြစ်ရတယ်။ အမျိုးသမီးဆိုရင်လည်း သူဌေးကတော် (သို့မဟုတ်) မိဖုရားခေါင် ဖြစ်ကြရတယ်။ ဒီနေ့လျှဒါန်းတဲ့ အလှူရှင်တွေ မြန်မြန်ဆန်ဆန် အကျိုးပေးအောင်၊ ကြီးပွားအောင်၊ သောဋ္ဌသဗလစေတီတော်ကို အရင်ဆုံး တည်ထားကြမှာဖြစ်တယ်။ နိရောဓသမာပတ် ဝင်စားပြီးစ ဘုရားရဟန္တာကို လှူဒါန်းတဲ့ ပုဂ္ဂိုလ်တွေ ချက်ချင်းလက်ငင်း လှူဒါန်းတဲ့နေ့မှာဖြစ်စေ၊ လှူဒါန်းပြီး (၇)ရက်အတွင်းမှာဖြစ်စေ၊ အကျိုးပေးတာနဲ့ စပ်ပြီးတော့ ထင်ရှားတဲ့ အမျိုးသား၊ အမျိုးသမီး နှစ်ဦးပဲ ပြောပေးပါ့မယ်။ ရာဇဂြိုလ်မြို့မှာ သူဌေးကြီး (၅)ဦး ရှိပါတယ်။ သူဌေးကြီး (၅)ဦးနာမည်က -

(၁) ဇောတိကသူဌေး၊ (၂) ဇဋိလသူဌေး၊ (၃) မေဏ္ဍကသူဌေး၊ (၄) ကာကဝလိယသူဌေး၊ (၅) ပုဏ္ဏသူဌေးဆိုပြီးတော့ သူဌေးကြီးငါးဦးရှိတယ်။ ထိုသူဌေးကြီး (၅)ဦးထဲမှာမှ ပုဏ္ဏသူဌေးဆိုတာက သူဌေးမျိုးရိုး မဟုတ်ပါဘူး။ မူလက ဆင်းရဲသား လယ်သမားပါပဲ။ နိရောဓသမာပတ်မှ ထပြီး ကာစ အရှင်သာရိပုတ္တရာမထေရ်မြတ်အား ဆင်းရဲသား လယ်သမားဖြစ်တဲ့ ပုဏ္ဏက သောက်ရေနဲ့ ဒန်ပူကို လှူလိုက်တယ်။ သူရဲ့ဇနီးက ဆွမ်းထုပ်လှူဒါန်းလိုက်တယ်။



ကိုရီးယားနိုင်ငံ၌ မြေသန့်မင်္ဂလာပွဲ ကျင်းပစဉ် (၁၁-၉-၂၀၁၇)

http://www.dhammadownload.com



မြန်မာနိုင်ငံမှ ပရိသတ်များ

http://www.dhammadownload.com

(ပဉ္စင်္ဂ-ဒု-cc) ဒါယကာမကြီး တန်ခိုး + ဘေးမွဲငယ်



http://www.dhammadownload.com



ဂေါပက ဦးတင်ဦး အလှူငွေကို ဒေါ်သန်းတင်သို့ လွှဲအပ်စဉ်

http://www.dhammadownload.com

(ပဉ္စဝါ-၃-၀၄) ဒုတိယဆရာတော် ဦးဇဋိလာဘိဝံသ ဂန်(၀၀င)းနှင့် ထင်ပေါ်ဟဿဂုဏ်ထူးဆရာတော် ဒေါက်တာဝိစိတ္တသာရာဘိဝံသ



http://www.dhammadownload.com

(ပဝေါ-၀၀-၀) ဒွိဇဂ္ဂစရိယ ဦးဇဂ်ိးဇဂ္ဂါဇီဖွယ် ဂန္ဒိဂီးနှစ်ဖက် + ဒေလန်ဟဇ်ဖယ်



http://www.dhammadownload.com

ဒီစင်္ကာပူသွား ဂိယာရပ္ခေ ဦးနှင်(oc) ထင်ဒါလီးမြင့်ထေဒဇဂရဒီးနှဓ



http://www.dhammadownload.com

ဦဝဂ္ဂဧနဉ် ဦးဒဝဉ်ဃြိုင် ယဖံးဃဝဂ္ဂ ဂ္ဂန်ဖွဲ့ပါဒဧန ထကဂ္ဂဒဧန



http://www.dhammadownload.com

http://www.dhammadownload.com

အဲဒီကုသိုလ် ကြောင့် သူတို့လင်မယားဟာ အဲဒီနေ့မှာပဲ ရာဇဂြိုလ်မြို့မှာ အချမ်းသာဆုံး ရွှေသူဌေးကြီး ဖြစ်သွား ရတယ်။ အရှင်သာရိပုတ္တရာဟာ နိရောဓသမာပတ်မှ ထလာပြီးစ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ လှူဒါန်းတဲ့ ကုသိုလ်က ချက်ချင်း နေ့ချင်းညချင်း သူဌေးကြီး သူဌေး ကတော်ကြီး အနေနဲ့ အကျိုးပေးလိုက်တာ ဖြစ်ပါတယ်။

ပန်းသည်မလေး မလ္လိကာ

နောက်တစ်ဦးကတော့ ဆင်းရဲတဲ့ ပန်းရောင်းသူ အမျိုးသမီး လေးပါပဲ။ အပျိုစင် မိန်းကလေးပါ။ မလ္လိကာလို့ ခေါ်ပါ တယ်။ ပန်းရောင်းပြီး ဘဝရပ်တည်ရတယ်ဆိုတော့ တစ်ရက်မှာ ပန်းခြံသွားပြီး ပန်းတွေခူးဖို့ ထွက်လာခဲ့ ပါတယ်။ နံနက်တိုင်း(၈)နာရီခွဲသာသာ အချိန်လောက် ပါပဲ၊ ပန်းခြံရောက်မှစားဖို့ မုန့်လေးသုံးယှက်လည်း ပါလာတယ်။ အဲဒီအချိန်မှာ ဘုရားအမှုရှိတဲ့ သံဃာတော် အရှင်သူမြတ်တွေ ဇေတဝန်ကျောင်းတော်ကနေ သာဝတ္ထို မြို့တွင်း ဆွမ်းခံကြွဖို့ ကြွလာပါတယ်။ မြို့တွင်း မရောက် သေးပါဘူး။ မြို့ပြင်မှာပဲ ရှိပါသေးတယ်။ ပန်းသည်မလေး - မလ္လိကာမြင်တဲ့အခါ သူစားမယ့်မုန့်သုံးယှက်ကို သူမစား တော့ပဲနဲ့ ဘုရားရှင်အား လှူဒါန်းလိုက်ပါတယ်။ ဘုရားရှင်

http://www.dhammadownload.com


က ဆွမ်းခံမကြွခင် နိရောဓသမာပတ်ကို ဝင်စားပြီးကြွလာတာပါ။ ဘုရားရှင်က ချက်ချင်းပဲ မလွိကာ ပန်းသည်မလေးလျှုဒါန်းတဲ့ မုန့်သုံးယှက်ကို ဘုဉ်းပေးမည့် အမူအရာပြလိုက်တော့ အရှင်အာနန္ဒာက သစ်ပင်ရင်းမှာ သက်ိန်းခင်းပေးလိုက်တယ်။ ဆွမ်းခံသွားရင်းပဲ ဘုရားရှင်က မုန့်သုံးယှက်ကို ဘုဉ်းပေး သုံးဆောင်လိုက်ပါတယ်။ ပန်းသည်မလေးလည်း အားရဝမ်းသာဖြစ်ပြီး ရှိခိုးပြီးတော့ ပန်းခြံကိုသွားတယ်။ အဲဒီအခါမှာ ဘုရားရှင်က ပြုံးတော်မူတော့ အရှင်အာနန္ဒာ မေးမြန်းတဲ့အခါ ဘုရားရှင်က "ချစ်သား အာနန္ဒာ၊ ပန်းသည်မလေးဟာ ငါဘုရားကို မုန့်သုံးယှက်လျှုတဲ့ ကုသိုလ်က ဒီနေ့ပဲ သာဝတ္ထိပြည် ဘုရင်ကောသလ္လမင်းရဲ့ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး ဖြစ်လိမ့်မယ်"ဟု ဗျာဒိတ်ပေးလိုက်တယ်။ ညနေပိုင်းရောက်တော့ ဘုရားရှင် ဗျာဒိတ်ပေးတဲ့အတိုင်း ကောသလမင်းက မလွိကာ ပန်းသည်မလေး အပျိုစင်မိန်းကလေးကို အဂ္ဂမဟေသီမိဖုရားခေါင် မြှောက်ပေးလိုက်တယ်။

ဆိုလိုတာက နိရောဓသမာ ပတ်ဝင်စားပြီးစ ဘုရားရဟန္တာကို လူတွေတွင်မကဘူး နတ်တွေပါ ကြိတ်ကြိတ်တိုး လျှုဒါန်းချင်ကြတယ်။ ဘာဖြစ်လို့

http://www.dhammadownload.com

လှူဒါန်းချင်ကြလည်းဆိုတော့ လှူဒါန်းတဲ့ နေ့မှာ ပဲဖြစ်စေ၊ လှူဒါန်းပြီး တစ်ပတ်အတွင်းမှာပဲ ဖြစ်စေ။ အကျိုးပေးထက်သန်လို့ပါပဲ။ ပုဏ္ဏာလယ်သမား ဇနီးမောင်နှံနဲ့ မလွိကာပန်းသည်မလေးတို့ နေ့ချင်းညချင်း သူဌေးကြီးတွေ သူဌေးကတော်ကြီးတွေဖြစ်၊ မိဖုရားခေါင်ကြီးတွေ ဖြစ်သွားကြတယ်။ ဒီနေ့လှူဒါန်းတဲ့ အလှူရှင်တွေလည်း အကျိုးကြီးမားထက်သန်အောင် ဘုရားရဟန္တာတွေဝင်စားတဲ့ နိရောဓသမာပတ်မှာပါတဲ့ သောဋ္ဌသဗလစေတီတော်ကို ရှေးဦးစွာ တည်ထားမှာဖြစ်ပါတယ်။ ကွယ်လွန်သွားတဲ့ မိခင်ဒေါ်တင်နုကို ရည်စူးတဲ့နှစ်ဟာလည်း (၁၆)နှစ်ပြည့် နှစ်ပတ်လည်ဖြစ်နေတဲ့အတွက် လိုက်လျောညီထွေစွာ နိရောဓသမာပတ်ဝင်စားတဲ့အခါ ဘုရားရဟန္တာတွေ ဝင်စားရတဲ့ ဗလ(၂)ပါး၊ သမာဓိစရိယာ (၉)ပါး၊ ဝသီဘော် (၅)ပါး၊ ပါဝင်တဲ့ သောဋ္ဌသဗလစေတီကို တည်ထားတဲ့ အခါ ဖြန့်ဝေထားတဲ့ စာရွက်ကို ကြည့်ပြီးတော့ ညီညီ ညာညာ ရွတ်ဆိုပူဇော်ကြပါကုန်စို့။

http://www.dhammadownload.com



၁။ သော ဘဝါ ဇာတိယဏ္ဍာဇေန သမ္ဘာရတော။ ၁၀။ သောဘဝါ ဆဝတ္ထိုသဒ္ဒါယတနသမာဂတ္ဆိယာ သမ္ဘာရတော။
၂။ သော ဘဝါ ဇလာဇေန သမ္ဘာရတော။ ၁၁။ သောဘဝါ ဆဖဿသမုဒ္ဒါယတနသမာဂတ္ဆိယာ သမ္ဘာရတော။
၃။ သော ဘဝါ ပဒုမဂဗ္ဘေန သမ္ဘာရတော။ ၁၂။ သောဘဝါ ဝိညာဏဇာတိနာမရူပသမာဂတ္ဆိယာ သမ္ဘာရတော။
၄။ သော ဘဝါ ဒီဃသန္တာနဇလေန သမ္ဘာရတော။ ၁၃။ သောဘဝါ ဆဘာဝသမုဒ္ဒါယတနသမာဂတ္ဆိယာ သမ္ဘာရတော။
၅။ သော ဘဝါ သဗ္ဗတေဇလေန သမ္ဘာရတော။ ၁၄။ သောဘဝါ စတုဘူမိကရူပေန သမ္ဘာရတော။

ထုံမိုးသောဘိုင်ဂို ပြဿနာတော။ ဓမ္မစေတီ(ဓမ္မတိပိုတ္ထဝေတီ)အဘိုဝိုင်း အတိမ်းအမှတ်အကြီး

ဝါရဏသုခသရဝေဘက်ရှု စက္ခုဒိဋ္ဌိပြဿာဒိုး (၃၀-၇-၂၀၁၃)အဝေဒနာ

http://www.dhammadownload.com

လိုတိုင်းရ တတိုင်းပြည့်သော ဂုဏ်တော်ဆိုတဲ့ တရားမှာ ရှေးဦးစွာ သောဋ္ဌသဗလစေတီတော်ကို တည်ထားပြီးသွားပါပြီ။ ဘုရားဂုဏ်တော် (၉)ပါး၊ အကျဉ်း ချုပ်ပြောပြတော့မှာ ဖြစ်ပါတယ်။ ဖြန့်ဝေလိုက်တဲ့ စာရွက်မှာပါတဲ့ ဘုရားဂုဏ်တော် (၉)ပါး၊ အကျဉ်းချုပ်ကို ညီညီညာညာရွတ်ဆို ပူဇော်ကြပါမယ်။

(ကွတိပိ သော ဘဂဝါ အရဟံ - သမ္မာသမ္ဗုဒ္ဓေါ - ဝိဇ္ဇာစရဏသမ္ပန္နော - သုဂတော - လောကဝိဒူ - အနုတ္တရောပုရိသဓမ္မသာရထိ သတ္ထာဒေဝ မနုဿာနံ - ဗုဒ္ဓေါ - ဘဂဝါ)[၃]

ဓနိယရဟန္တာမထေရ်၏ စကား

ဝိနည်းပိဋကပါရာဇိကဏ်ပါဠိတော်မှာ ဒုတိယမြောက် ပါရာဇိကသိက္ခာပုဒ်က - အဒိန္နာဒါနသိက္ခာပုဒ်ပါ။ အဲဒီသိက္ခာပုဒ် ပညတ်ခံရတဲ့ ပုဂ္ဂိုလ်က အရှင်ဓနိယမထေရ်ပါ။ အိုးထိန်းသည်ဘဝကနေပြီးတော့ ရဟန်းဝတ်လာတာပါ။ သူ့ကို အကြောင်းပြုပြီးတော့ - ဒုတိယပါရာဇိကသိက္ခာပုဒ် ပညတ်ခံလိုက်ရတဲ့အခါ သံဝေဂရပြီး တရားအားထုတ်လိုက်တော့ ရဟန္တာဖြစ်သွားတယ်။ ရဟန္တာရဲ့နာမည်က အရှင်ဓနိယမထေရ်။ အရှင်ဓနိယမထေရ်က ဥဒါန်း

http://www.dhammadownload.com

ကျွန်းတဲ့ ဂါထာလေးသုံးပုဒ်မှာ တတိယမြောက်ဂါထာရဲ့ နောက်ဆုံးပါဒက **"ဣတရီတရေန - တုသေယျ၊ ဧကမဲ့စ ဘာဝယေ"** ဒီလို ဥဒါန်းကျွန်းထားပါ။ ရဟန်းတွေအနေနဲ့ဆိုရင် "ဣတရီတရေန သက်နှံးဆွမ်းကျောင်းဆေးပစ္စည်းလေးပါးထဲမှာ ကောင်းကောင်း မကောင်းကောင်း၊ ညံ့ညံ့ မညံ့ညံ့ ရတဲ့ ပစ္စည်းလေးပါးဖြင့်။ တုသေယျ၊ သန္တုဋ္ဌိအနေနဲ့ကျေနပ်နှစ်သက်ရောင်ရဲရာ၏။ ရဟန်းဆိုတာက အကောင်းစားချည်းပဲ သုံးချင်လို့ မဖြစ်ဘူး။ ဒကာ၊ဒကာမတွေ လှူဒါန်းတာကိုပဲ သုံးစွဲရတာဆိုတော့ ကောင်းတာတွေလည်းပါမယ်။ မကောင်းတာတွေလည်းပါမယ်။ ညံ့တာတွေလည်း ပါမယ်။ ဘာပဲပါပါ။ ဒကာဒကာမတွေက စေတနာသုံးတန် ထက်သန်စွာနဲ့ လှူဒါန်းတဲ့အတွက် မိမိမှာရတဲ့ပစ္စည်း လေးပါးဖြင့် သန္တုဋ္ဌိအနေနဲ့ ကျေနပ်နှစ်သက်ရောင်ရဲရမယ်။ ဒါကရဟန်းတွေအပိုင်းပေါ့လေ။ လူသားတွေအနေနဲ့လည်း ဒီအတိုင်းပါပဲ။ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာတဲ့အပေါ် မူတည်ပြီးတော့ အသုံးအဆောင်တွေဟာ ကောင်းတာတွေလည်း သုံးစွဲနိုင်မယ်။ မကောင်းတာတွေလည်း သုံးစွဲရမယ်။ ကောင်းတာကို သုံးစွဲရသည်ဖြစ်စေ၊ မကောင်းတာတွေကို

http://www.dhammadownload.com

သုံးစွဲရသည် ဖြစ်စေ၊ ဘာမှမကျေနပ်မှု မဖြစ်ပဲနဲ့ သန္တုဋ္ဌိ အနေနဲ့ ကိုယ်ရှိတဲ့ပစ္စည်းဥစ္စာလေးနဲ့ ကျေနပ်နှစ်သက်ရမယ်။ သုံးစွဲရမယ်။ ဒါလူသားတွေအတွက်ပါပဲ။

ဆက်ပြီး လုပ်ရမယ့်ကျင့်စဉ်ကိုလည်း ဟောပြတယ်။ "ဧကဓမ္မံစ၊ တခုသော ဘာဝနာတရား ကိုလည်း။ ဘာဝယော၊ နေ့စဉ် ပွားများရာ၏။ ရဟန်းသံဃာ ပဲဖြစ်ဖြစ်၊ လူသားပဲဖြစ်ဖြစ် ရရသမျှ ကိုယ့်မှာရှိတာလေးနဲ့ ကျေနပ်အားရ တင်းတိမ် စွာ ဝတ်စားဆင်ယင် သုံးဆောင် နေထိုင်ရုံလေးနဲ့ မပြီး သေးဘူး။ တစ်ခုသော ဘာဝနာတရားကို လည်း နေ့စဉ်ပွား များရမယ်။ အရပ်စကားနဲ့ပြောရင် တော့ မိမိရည်မှန်းထား တဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးစတဲ့ အရေးကိစ္စတွေမှာ အောင်မြင်ဖို့ ဆိုရင် တစ်ခုကောင်းကို လက်စွဲထားရမယ်။ တစ်ခုကောင်း ကိုလည်း အမြဲတမ်းပဲ လေ့ကျင့်ရမယ်။ ပွားများနေရမယ်။ ဒီလိုအဓိပ္ပါယ်ရတယ်။ လောကမှာ ကြည့်လိုက်ရင် စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကျန်းမာရေးစတဲ့အရေးကိစ္စတွေမှာ ထိပ်တန်းရောက် နေတဲ့ ပုဂ္ဂိုလ်တွေမှာ သူတို့ဆီမှာ တစ်ခုကောင်းဆိုတာ ရှိကြတယ်။ အဲဒီတစ်ခုကောင်းနဲ့ပဲ သူတို့ဟာ နယ်ပယ် အသီးသီးမှာ ရွေ့တန်းအထွဋ်အထိပ်

http://www.dhammadownload.com

နေရာကို ရောက်နေ ကြရတာပါပဲ။ မိမိတို့မှာလည်း တစ်ခုကောင်းရှိဖို့ လိုတာ ပေါ့လေ။ ဧကဓမ္မံစ ဘာဝယေ - ဆိုတဲ့ထေရဂါထာ ပါဠိတော်ကို အဋ္ဌကထာက ဖွင့်တဲ့ အခါ **"ဧကဓမ္မန္တိ အပ္ပမာဒဘာဝနံ။"** လို့ ဖွင့်ပြတယ်။

အပ္ပမာဒဘာဝနာ

ဧကဓမ္မန္တိ၊ ဧကဓမ္မဟူသည်ကား။ အပ္ပမာဒဘာဝနံ၊ မမေ့မလျော့ နေ့စဉ်ပွားများအပ်သော ဘာဝနာကို ဒီလိုဖွင့်ပြသွားတယ်။ တခုကောင်းဆိုတာက အပ္ပမာဒဘာဝနာပါပဲ။ အပ္ပမာဒဘာဝနာကို ပွားများရင် အရာရာမှာ ထိပ်တန်းအထွဋ်ထိပ်နေရာကို ရောက်နိုင်တယ်လို့ ဆိုလိုတာပါပဲ။ အဋ္ဌကထာဆရာက သူဖွင့်လိုက်တဲ့ ဧကဓမ္မအရ အပ္ပမာဒဘာဝနာရပုံကို ခိုင်မြဲအောင်လို့ ဓမ္မပဒပါဠိတော်ကို ကိုးကားပြတယ်။ ဓမ္မပဒ ပါဠိတော်က ဗာလနက္ခတ္တ သယ်ဠ္ဍ ဝတ္ထုမှာလာတဲ့ **"အပ္ပမတ္တော ဟိ စျာယနွော၊ ပမ္ပေါတိ ဝိပုလံ သုခံ** ဒီဂါထာကို ကိုးကားပြတယ်။ အပ္ပမတ္တော၊ မမေ့မလျော့ပဲ နေ့စဉ်နေ့တိုင်း စျာယနွော ပွားများဆင်ခြင် ရှုမှတ်သောသူသည် ဝိပုလံ သုခံ၊ ကြီးမားသောချမ်းသာကို ပပ္ပေါတိ၊ ရရှိနိုင်ပေ၏။ နေ့စဉ်နေ့တိုင်းသာ

http://www.dhammadownload.com

မမေ့ မလျော့ပဲ တစ်ခုကောင်းကို ပွားများရှုမှတ်နေမယ် ဆိုရင် ကြီးကျယ်များပြားတဲ့ ချမ်းသာကို ရရှိနိုင်ပါတယ်။ ဒီလိုအဓိပ္ပါယ်ရတယ်။ အပွမာဒဘာဝနာဆိုတာ ဘာဝနာ (၄၀)ကိုပြောတာပါပဲ။ ဘာဝနာ(၄၀)ဆိုတာ ကမ္မဋ္ဌာန်း (၄၀)ကိုပြောတာပါပဲ။ ကမ္မဋ္ဌာန်း(၄၀)လုံးကို ဘယ်လို လုပ်ပြီးကိုယ်က ပွားများနိုင်မှာတုန်း။ ဘုန်းကြီးရဟန်း သံဃာဆိုလဲ စာပေပရိယတ္တိ ဆောင်ရွက်ရသေးတယ်။ တစ်ခုကောင်းအနေနဲ့ စွဲစွဲမြဲမြဲပွားများဖို့ပဲ လိုအပ်တယ်။ ကမ္မဋ္ဌာန်းဘာဝနာ(၄၀)လုံးကတော့ ပွားများနိုင်ဖို့ဆိုတာ မလွယ်ဘူးပေါ့လေ။

ဗုဒ္ဓါနုဿတိဘာဝနာ

ကမ္မဋ္ဌာန်း၊ ဘာဝနာ(၄၀)ထဲမှာ ဘယ်ဟာက အမြတ်ဆုံးလဲ၊ အကောင်းဆုံးလဲ ရှာလိုက်တဲ့ အခါ ဂါထာ လေးတစ်ပုဒ်ကို သွားတွေ့တယ်။ **"ဘာဝေဟိ ဗုဒ္ဓါနုဿတိ၊ ဘာဝနာန မနုတ္တရံ"** ဘာဝနာနံ၊ ဘာဝနာကမ္မဋ္ဌာန်း(၄၀)တို့တွင် အနုတ္တရံ၊ အတုမရှိအမြတ်ဆုံး ဖြစ်သော ဗုဒ္ဓါနုဿတိ၊ ဘုရားဂုဏ်ကို အကြိမ်ကြိမ် အဖန်ဖန် ပွားများခြင်း ဗုဒ္ဓါနုဿတိဘာဝနာကို ဘာဝေဟိ

http://www.dhammadownload.com

ပွားများလိုက်ပါလော့။ ဂါထာရဲ့ အဓိပ္ပါယ်က ဘာဝနာ၊ ကမ္မဋ္ဌာန်း(၄၀)ထဲမှာ အမြတ်ဆုံးဘာဝနာ ကမ္မဋ္ဌာန်းဟာ ဘုရားဂုဏ်ကို ပွားများတဲ့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းဘာဝနာပါပဲ။ ဒီလို သုဘူတိထေရာပါဒါန် ပါဠိတော်မှာ လာရှိပါတယ်။ တစ်ခုကောင်းအနေနဲ့ ဗုဒ္ဓါနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်းကို နေ့စဉ်နေ့တိုင်း ပွားများကြရမယ်။ အဲ့လိုပွားများမယ်ဆိုတော့ ဗုဒ္ဓါနုဿတိနဲ့ဆက်စပ်သော ဘုရားဂုဏ်တော် တွေက ဂုဏ်တော် အနန္တ မြတ်ဗုဒ္ဓဆိုတဲ့အတိုင်း မြတ်စွာဘုရားမှာ မရေတွက်နိုင်အောင် ဂုဏ်တော်တွေဟာ များပြားတယ်။ ပရိတ်ကြီးထဲက ခန္ဓသုတ်ပရိတ်မှာ **အပ္ပမာဏော ဗုဒ္ဓေါ** ဒီလိုလာတယ်။ ဗုဒ္ဓေါ - ဘုရားရှင်၏ ဂုဏ်တော်အပေါင်းသည်၊ အပ္ပမာဏော - ဤရွေ့ဤမျှရှိ၏ ဟူ၍ မရေတွက်နိုင်အောင် များမြောင်လှပါပေ၏။

ဘုရားရှင်မှာ ဂုဏ်တော် ဉာဏ်တော်တွေက အများကြီးပဲ။ ဂုဏ်တော်(၉)ပါးလဲရှိတယ်။ ပဋိသမ္ဘိဒါဉာဏ်(၄)ပါး၊ အဘိညာဉ် (၅)ပါး၊ (၆)ပါး၊ ဝိဇ္ဇာ(၃)ပါး (၈)ပါး။ အသာဓာရဏ ဉာဏ်တော်(၆)ပါး ဗုဒ္ဓဉာဏ်တော်(၁၄)ပါး စသည်ဖြင့် မရေမတွက်နိုင်အောင် ဂုဏ်တော်ဉာဏ်တော်တွေဟာ အလွန်များပြားတယ်။ များပြားတဲ့ ဂုဏ်တော်

http://www.dhammadownload.com

အနန္တတွေထဲက အဓိက ပဓာန ဂုဏ်တော်ကို ဆွဲထုတ်တဲ့ အခါ ခုနက တရားနာ ပရိသတ်တွေ ရွှတ်ဖတ်လိုက်တဲ့ ဘုရားဂုဏ်တော်(၉) ပါးသည်သာလျှင် အဓိကပဓာနပဲ။ မြတ်စွာဘုရားရှင်က ပါဠိတော်တွေမှာ ဘုရားပေါ်ယုံကြည်မှုသဒ္ဓိန္ဒြေ သဒ္ဓါဗိုလ်အကြောင်းကို ဟောပြတဲ့အခါ "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ" ဒီဂုဏ်တော်(၉)ပါးဖြင့် ဘုရားရှင်ပေါ်ကြည်ညိုတဲ့ ပုဂ္ဂိုလ်ဟာ သဒ္ဓိန္ဒြေ သဒ္ဓါဗိုလ်ထိုက်ပြီး မတုန်မလှုပ် သက်ဝင်ကြည်ညိုတဲ့ အဝေစ္စပသာဒ သဒ္ဓါတရားနှင့်ပြည့်စုံတဲ့ ပုဂ္ဂိုလ်လည်းဖြစ်ပြီလို့ သတ်မှတ်ပြတယ်။

နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံပါဠိတော်မှာ ဘုရားရှင်ကို ကြည်ညိုတဲ့နေရာမှာ ဣတိပိ သောဘဂဝါ အရဟံ စတဲ့ ဂုဏ်တော်ကိုးပါးဖြင့် ကြည်ညိုရတယ်ဆိုတာ အကြိမ်ပေါင်း များစွာ ဟောပြထားတယ်၊ ဂုဏ်တော်အနန္တတွေထဲမှာ ဂုဏ်တော်ကိုးပါးဟာ အဓိကပါပဲ အဲတော့ဂုဏ်တော်ကိုးပါးကို စောစောပိုင်းက ပါဠိရွတ်ပြီးပြီဆိုတော့ မြန်မာလိုအဓိပ္ပါယ် အကျဉ်းချုပ်သိဖို့လိုလာပြီ၊ ဖြန့်ဝေလိုက်တဲ့

http://www.dhammadownload.com

စာရွက်မှာ အစဉ်အတိုင်း အပေါ်က ပါဠိဂုဏ်တော် အောက်က မြန်မာပြန်ဖော်ပြထားတဲ့အတွက် ဘုရားဂုဏ်တော်ကိုးပါးအဓိပ္ပါယ်ဖြင့် ဘုရားရှင်ကို ပူဇော်ကြပါမယ်။

ဘုရားဂုဏ်တော် (၉)ပါး အဓိပ္ပါယ် အကျဉ်းချုပ်

ကွတိပိ သော ဘဂဝါ ၁။အရဟံ၊ ၂။သမ္မာသမ္ဗုဒ္ဓေါ၊ ၃။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ၄။ သုဂတော၊ ၅။ လောကဝိဒူ၊ ၆။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ ၇။ သတ္ထာ ဒေဝမနုဿာနံ၊ ၈။ ဗုဒ္ဓေါ။ ၉။ ဘဂဝါ။

၁။ အရဟံ-ကိလေသာမြူမှုံး ညစ်အကြေးမှ ကင်းဝေစင်ကြယ်တော်မူ၍ လူမင်းနတ်မင်း ဗြဟ္မာမင်းတို့ ဝပ်စင်းဦးခိုက် ပူဇော်အထူးကို ခံယူတော်မူထိုက်သော အရဟံဂုဏ်ရှင် မြတ်စွာဘုရားသခင်ကို ရိုသေမြတ်နိုး ရှိခိုးပါ၏။

၂။သမ္မာသမ္ဗုဒ္ဓေါ- မဖောက်မပြန် ကိုယ်တော်တိုင်သာ တရားဥဿုံ အလုံးစုံသော ဥေယျဓါးတန် တရားမှန်ကို ဧကန်ထိုးထွင်း၍ သိမြင်တော်မူသော သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားသခင်ကို ရိုသေမြတ်နိုး ရှိခိုးပါ၏။

၃။ဝိဇ္ဇာစရဏသမ္ပန္နော- အသိဉာဏ်ဝိဇ္ဇာ (၃)ပါး၊ ဝိဇ္ဇာ (၈)ပါး၊ သီသည့်အတိုင်း ကျင့်သော စရဏတရား (၁၅)ပါး

http://www.dhammadownload.com

တို့နှင့် လုံးဝညီသုံ ပြည့်စုံတော်မူသော ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်ရှင် မြတ်စွာဘုရားသခင်ကို ရိုသေမြတ်နိုး ရှိခိုးပါ၏။

၄။ **သုဂတော**-ကျိုးရှိဟုတ်မှန် ကြားနာခံခက် မခံခက်ဟု နှစ်ချက်ပေါင်းစပ် ကောင်းမြတ်သော စကားကိုသာ ဆိုသင့်ရာအခါ၌ မိန့်တော်မူတတ်သော သုဂတဂုဏ်ရှင် မြတ်စွာဘုရား သခင်ကို ရိုသေမြတ်နိုး ရှိခိုးပါ၏။

၅။လောကဝိဒူ- သတ္တဿခီါရ ဩကာသဟု လောကသုံးပုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော လောကဝိဒူဂုဏ်ရှင် မြတ်စွာဘုရားသခင်ကို ရိုသေမြတ်နိုး ရှိခိုးပါ၏။

၆။အနုတ္တရော ပုရိသ ဒမ္မသာရထိ- ဆုံးမသင့် ဆုံးမထိုက်သော နတ်လူဗြဟ္မာ တိရစ္ဆာန်သတ္တဝါတို့ကို လိမ္မာ ယဉ်ကျေးအောင် ဆုံးမတတ်သည့် အတုမဲ့လွန်မြတ်သော ပုဂ္ဂိုလ်ဖြစ်တော်မူသော အနုတ္တရော ပုရိသ ဒမ္မသာရထိဂုဏ်ရှင် မြတ်စွာဘုရားသခင်ကို ရိုသေမြတ်နိုး ရှိခိုးပါ၏။

၇။ **သတ္ထာ ဒေဝမနုဿာနံ-** ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ ဆရာတစ်ဆူ ဖြစ်တော်မူသော သတ္ထာဒေဝ မနုဿာန ဂုဏ်ရှင် မြတ်စွာဘုရားသခင်ကို ရိုသေမြတ်နိုး ရှိခိုးပါ၏။

http://www.dhammadownload.com

၈။ ဗုဒ္ဓေါ= သစ္စာလေးပါး မြတ်တရားကို ကိုယ်တော်တိုင် လည်းသိ၍ ဝေနေယျသတ္တဝါတို့ကိုလည်း သိစေတော်မူနိုင် သော ဗုဒ္ဓဂုဏ်ရှင် မြတ်စွာဘုရားသခင်ကို ရိုသေမြတ်နိုး ရှိခိုးပါ၏။

၉။ဘဂဝါ= ဣသရိယ,ဓမ္မ ယသ,သိရီ,ကာမ,ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသဖြင့် စကြဝဠာ ကမ္ဘာ မြေမိုး ဖြန်းဖြန်းကျိုးမျှ ဘုန်းတန်ခိုး ကျက်သရေ သပွါယ် တော်မူပါပေသော ဘဂဝါဂုဏ်ရှင် မြတ်စွာဘုရားသခင်ကို ရိုသေမြတ်နိုး ရှိခိုးပါ၏။ *(သာဓု၊ သာဓု၊ သာဓု)*

ဘုရားဂုဏ်တော်ကိုးပါး ကွန်ချာကို ရွတ်ပြီးတော့ ရွှေတိဂုံပုံတူစေတီဖြစ်တဲ့ ငြိမ်းချမ်းအေး ရွှေစေတီရဲ့ ပဏာမ ဖစ်သော နောင်တော်ကြီးစေတီ ပုံစံငယ်ကို ပူဇော်တဲ့ အခါ ဘုရားဂုဏ်တော်ကိုးပါး အဓိပ္ပါယ် နားလည်ပြီးမှ ပူဇော်ရင် ပိုပြီးတော့ သဒ္ဓါတရားဖြစ်တယ်။ အဲဒီတော့ ဂုဏ်တော်ကိုးပါး ပါဠိကိုတော့ ရဖူးပြီးသားပေါ့လေ ခုအဓိပ္ပါယ်သဘော သဘာဝကိုပါ နားလည်ပြီးမှ ဂုဏ်တော် ကွန်ချာနဲ့ ပူဇော်ရင် ပိုပြီးတော့ အကျိုးများတယ် ဂုဏ်တော် ကိုးပါးကိုပဲ ထပ်ပြီး တော့ အကျင့်ချုပ်မှာပြောပြဖြစ်ပါတယ် အကျင့်ချုပ်တဲ့အခါ ဂုဏ်တော်နှစ်ပါးပဲ ရမှာဖြစ်ပါတယ်။

http://www.dhammadownload.com

ဘုရားဝုက်စတော်(၉)ပါးကို (၂)ပါးဖြင့် အကျဉ်းစွပ်နည်း

(က) အတ္တဟိတသမ္ပတ္တိဝုက်(ကိုယ်တော်၏ အကျိုးစီးပွားနှင့် ပြည့်စုံခြင်းဝုက်) - (၃)ပါးဆိုတာ

၁။ မြတ်စွာဘုရားရှင်၏ အနာဝရဏဉာဏ်ကိုရခြင်း (ဉာဏသမ္ပဒါ)

၂။ ဝါသနာနှင့်တကွ ကိလေသာတို့ကို ပယ်ခြင်း (ပဟာနသမ္ပဒါ)

၃။ အနုပါဒိသေသနိဗ္ဗာန်သို့ ရောက်ခြင်းတို့ ဖြစ်တယ်။

(ခ) ပရဟိတပဋိပတ္တိဝုက်(ဝေနေယျသတ္တဝါတို့၏ အကျိုးစီးပွားကို ကျင့်ခြင်း) - (၂)ပါးဆိုတာ

၁။ လာဘသက္ကာရစသည်ကို ငဲ့ကွက်မှု မရှိသော စိတ်ဖြင့် တရားဒေသနာကို ဟောကြားခြင်း။

၂။ ဒေဝဒတ်စသော ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တို့ အပေါ်၌သော် မှလည်း အကျိုးစီးပွားကို အမြဲလို လားခြင်း။ ကျွတ်ထိုက်သော ပုဂ္ဂိုလ်တို့ ကုန်ခြေဉာဏ် မရင့်ကျက်သေးလျှင် ရင့်ကျက်ချိန်ကို ငံ့လင့်ခြင်းတို့ ဖြစ်ကြတယ်။

http://www.dhammadownload.com

ဂုဏ်တော်(၉)ပါးနှင့် ဂုဏ်တော်(၂)ပါး

ထိုဂုဏ်တော်(၉)ပါးတွင်-

၁။ အရဟံဂုဏ်ဖြင့် - ပဟာနသမ္ပဒါ အစွမ်းဖြင့် ဘုရား ရှင်၏ အတ္တဟိတသမ္ပတ္တိဂုဏ်ကို ပြတယ်။

၂။ သမ္မာသမ္ဗုဒ္ဓဂုဏ်, လောကဝိဒူဂုဏ်တို့ဖြင့်ကား- ဉာဏသမ္ပဒါ၏အစွမ်းဖြင့် ဘုရားရှင်၏ အတ္တဟိတသမ္ပတ္တိ ဂုဏ်ကို ပြတယ်။

၃။ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်ဖြင့်- ဘုရားရှင်၏ အတ္တဟိတ သမ္ပတ္တိဂုဏ် သုံးမျိုးစလုံးကိုပင် ပြသည်။

၄။ သုဂတောဂုဏ်ဖြင့်ကား- ဘုရားဆုပန်သည်မှ အစပြု၍ ဘုရားရှင်၏ အတ္တဟိတ သမ္ပတ္တိဂုဏ်ကိုရော၊ ပရဟိတ ပဋိပတ္တိဂုဏ်ကိုပါ ပြတယ်။

၅။ အနုတ္တရော ပုရိသဒမ္မသာရထိဂုဏ်, သတ္ထာ ဒေဝ မနုဿာနံဂုဏ်တို့ဖြင့်- ဘုရားရှင်၏ ပရဟိတ ပဋိပတ္တိ ဂုဏ်ကို ပြတယ်။

၆။ ဗုဒ္ဓေါဂုဏ်ဖြင့်- ဘုရားရှင်၏ အတ္တဟိတသမ္ပတ္တိဂုဏ် ကိုရော၊ ပရဟိတ ပဋိပတ္တိဂုဏ်ကိုပါ ပြတယ်။

၇။ ဘဂဝါဂုဏ်ဖြင့်- ဘုရားဆုပန်သည်မှ အစပြု၍ ဘုရား ရှင်၏ အတ္တဟိတသမ္ပတ္တိ ဂုဏ်ကိုရော၊ ပရဟိတပဋိပတ္တိ ဂုဏ်ကိုပါ ပြတယ်။ (သာရတ္ထဒီကာ၊ ၁၊ ၃၂၀)

http://www.dhammadownload.com

ဒီလိုဆိုတော့ ဂုဏ်တော်(၉)ပါးကို အကျဉ်းချုပ်လိုက်တော့ နှစ်ပါးပဲဖြစ်သွားတယ် ဂုဏ်တော်ကိုးပါး ကွန်ချာလှည့်တဲ့အခါ ကွန်ချာလေးရရုံနဲ့ လှည့်တတ်ရုံနဲ့ သိပ်ပြီးတော့ အကျိုးမများပါဘူး ဂုဏ်တော်(၉)ပါးရဲ့အနက်အဓိပ္ပါယ်လေးသိပြီးတော့ အခုလိုဘုရားရှင်ရဲ့ အတ္ထဟိတသမ္မတ္တိဂုဏ်ကို ဘယ်ဂုဏ်တော်တွေက ပြတယ်၊ ပရဟိတပဋိပတ္တိဂုဏ်ကိုတော့ ဘယ်ဂုဏ်တော်တွေက ပြတယ်ဆိုတာလည်းပဲ သိထားရမှာ နားလည်ထားရမှာ ဖြစ်ပါတယ် အခြေခံအခုလို ဂုဏ်တော်အကျဉ်းချုပ်ကို နားလည်ပြီးမှ ဂုဏ်တော်ကွန်ချာကို လှည့်မယ်ဟားမှားမယ်ဆိုရင် ပိုပြီးတော့ အကျိုးများပါတယ် အဲဒီတော့ ဒါဂုဏ်တော်(၉)ပါးကို နှစ်ပါးနဲ့ အကျဉ်းချုပ်လိုက်တယ်။ တဆင့်တက်ပါမယ် မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကို အကျဉ်းချုပ်ရင် (၃)မျိုးပဲရှိတယ်။ အဲဒီ(၃)မျိုးက ဘာတွေလည်းဆိုတော့

ဘုရားဂုဏ်စတဲ့(၉)ပါးကို သမ္မာဒါ(၃)ပါးဖြင့် အကျဉ်းချုပ်နည်း

၁။ ဘုရားဖြစ်ခြင်း၏ အကြောင်းနှင့်ပြည့်စုံမှု **ဟေတု သမ္မာဒါဂုဏ်၊**

http://www.dhammadownload.com

၂။ အကျိုးနှင့်ပြည့်စုံမှု **ဖလသမ္ပဒါဂုဏ်၊**

၃။ သတ္တဝါတို့အား ကျေးဇူးပြုခြင်းနှင့်ပြည့်စုံမှု **သတ္တူပကာရသမ္ပဒါဂုဏ်**အားဖြင့် သမ္ပဒါဂုဏ်တို့ပါပဲ ဒီသမ္ပဒါ(၃)မျိုးတွင်

(၁) ဟေတုသမ္ပဒါဂုဏ်(၂)မျိုး

၁။ မဟာကရုဏာနှင့်ယှဉ်ခြင်း၊

၂။ ပါရမီတော်တို့ကို ဖြည့်ကျင့်ခြင်းသည် ဘုရားဖြစ်ခြင်း၏ အကြောင်းနှင့်ပြည့်စုံမှု ဟေတုသမ္ပဒါ ဂုဏ်ဖြစ်တယ်။

(၂) ဖလသမ္ပဒါဂုဏ်(၄)မျိုး

ဘုရားဖြစ်ခြင်းအကျိုးနှင့်ပြည့်စုံမှု ဖလသမ္ပဒါဂုဏ်ကလည်း(၄)ပါး ရှိတယ်။ အဲဒီ(၄)ပါးက-

၁။ သဗ္ဗညုတဉာဏ်၏အကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်နှင့် ထိုမဂ်ဉာဏ်လျှင် အကြောင်းခံပြီး ဖြစ်ပေါ်လာသော ဒသဗလဉာဏ်စသည်တို့သည် **ဉာဏသမ္ပဒါ-ဉာဏ်နှင့် ပြည့်စုံမှု ဂုဏ်**ဖြစ်တယ်။

၂။ ထိုအရဟတ္တမဂ်ဉာဏ်ဖြင့် ဝါသနာနှင့်တကွ ကိလေသာအားလုံးကို ပယ်လတ်ဖျက်ဆီးပစ်နိုင် ခြင်းသည် **ပဟာန သမ္ပဒါ-ပယ်သတ်ခြင်းနှင့် ပြည့်စုံမှုဂုဏ်**မည်တယ်။

http://www.dhammadownload.com

၃။ ကိစ္စအားလုံးကို အလိုရှိသည့်အတိုင်း ပြီးဆုံးအောင် မြင်စေရာ၌ အစိုးရခြင်း၊ တန်ခိုးအမျိုးမျိုးသည် **အာနုဘာဝ သမ္ပဒါ-အစွမ်းတန်ခိုး အာနုဘော်နှင့် ပြည့်စုံခြင်း ဂုဏ်**ဖြစ်တယ်။

၄။ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် တန်ဆာဆင်အပ်သော ခန္ဓာကိုယ်တော်၏ ချောမော လှပသပ်ယ်ခြင်းသည်ကား **ရူပကာယသမ္ပဒါ-ရုပ်ရည်သပ်ယ်ခြင်း နှင့်ပြည့်စုံမှုဂုဏ်**ပင်ဖြစ်တယ်။

(၃) သတ္တူပကာရသမ္ပဒါဂုဏ်(၃)မျိုး

သတ္တဝါတို့အား ကျေးဇူးပြုခြင်းနှင့်ပြည့်စုံမှု သတ္တူပကာရသမ္ပဒါဂုဏ်က- အလိုအဆန္ဒ အာသယ, ပြုလုပ်မှုပယောဂအားဖြင့် (၂)မျိုးရှိတယ်။ ထိုတွင်-

၁။ ဒေဝဒတ်စသော ဆန့်ကျင်ဘက်ပုဂ္ဂိုလ်တို့ အပေါ်၌ သော်မှလည်း အမြဲအကျိုးစီးပွား လိုလားမှုရှိခြင်း။ ဣန္ဒြေရင့်ကျက်သေးကုန်သော ဝေနေယျသတ္တဝါတို့၏ ဣန္ဒြေရင့်ကျက်ချိန်ကို စောင့်မျှော်ငံ့လင့်ခြင်းသည် အလိုဆန္ဒအာသယအားဖြင့် သတ္တဝါတို့အား ကျေးဇူး ပြုခြင်းဖြစ်တယ်။

http://www.dhammadownload.com

၂။ အခြားသောဝေနေယျသတ္တဝါတို့အား လာဘ် လာဘစသည်ကို ငဲ့ကွက်မှုမရှိဘဲ လက္ခဏာရေး(၃) ပါးကို အဦးပြုပြီး ဆင်းရဲဒုက္ခအားလုံးတို့မှ လွတ်မြောက်ကြောင်း တရားဒေသနာကို ဟောကြားခြင်းသည် ပြုလုပ်မှု ပယောဂအားဖြင့် သတ္တဝါတို့အား ကျေးဇူးပြုခြင်း ပင်ဖြစ်တယ်။

ဘုရားဂုဏ်တော်(၉)ပါးနှင့် သမ္မဒါ(၃)ပါး

၁။ အရဟံပုဒ်, သမ္မာသမ္ဗုဒ္ဓါပုဒ်, ဝိဇ္ဇာစရဏ သမ္ပန္နောပုဒ်, လောကဝိဒူပုဒ်(၄)ပုဒ်တို့ဖြင့် ဖလ သမ္မဒါ၏ အစွမ်းဖြင့် ဘုရားဂုဏ်တို့ကို ပြတယ်။

၂။ အနုတ္တရောပုရိသဒမ္မသာရထိပုဒ်, သတ္ထာ ဒေဝမနုဿာနံပုဒ်တို့ဖြင့် သတ္တုပကာရသမ္မဒါ၏အစွမ်း ဖြင့် ဘုရားဂုဏ်တို့ကို ပြတယ်။

၃။ ဗုဒ္ဓါပုဒ်ဖြင့်မူ ဖလသမ္မဒါ-သတ္တုပကာရသမ္မဒါ တို့၏အစွမ်းဖြင့် ဘုရားဂုဏ်တို့ကို ပြတယ်။

၄။ သုဂတောပုဒ်, ဘဂဝါပုဒ်တို့ဖြင့်ကား ဟေတုသမ္မဒါ-ဖလသမ္မဒါ-သတ္တုပကာရသမ္မဒါတို့၏ အစွမ်းဖြင့် ဘုရား ဂုဏ်တို့ကို ပြတယ်။

(သာရတ္ထဒီကာ၊ ၁၂၁)

http://www.dhammadownload.com

ဖြန့်ဝေလိုက်တဲ့စာရွက်ထဲက သမ္မဒါ(၃)ပါး ဘုရား ရှိခိုးကို ကြည့်ပြီးတော့ ရှေ့မှာတည်ထားတဲ့ စေတီကို ရှိခိုးကြ ပါမယ်။

သမ္မဒါ(၃)ပါး ဘုရားရှိခိုး

၁။ ဗုဒ္ဓဂုဏော အနန္တောဟု ပြဟောသချာ ဂုဏ် ကိုရှာသော် မဟာသုဂတ အတုလဟု ဗုဒ္ဓမြတ်စွာ စောသတ္ထာသည် ကမ္ဘာတွက်ရေ လေးသခြေနှင့် သိန်း နေကာလ ကြာသမျှဝယ် အနန္တသတွာ ဝေနေယျာကို ကရုဏာလွန်မင်း သနားခြင်းသည် သားရင်းမျှသာ မကပါတည်း မာတာပိတ မိနှင့်ဘဟု ရှိကြသူငါ ကရုဏာထက် ပြန်ရာထောင်သောင်း မယှဉ်ကောင်း အောင် ဆပေါင်းလွန်လေ သခြေမက ကြီးကျယ်လှ၏။

၂။ မဟန္တကြာ ကရုဏာကြောင့် ပါရမီစာဂ စရိယ ကို ဖြည့်ရသည်မှာ တို့မြတ်စွာသည် ကိုယ်မှာအသား လှူခြားခဲ့လေ ဤမြေမက သွေးတော်မှလည်း လေးဝ သမုဒြာ ရေထက်သာ၏ ရတနာမကိုင့် သိုက်မြိုက် ပေါင်းလျှော် ဦးခေါင်းတော်ကို တောင်းသော်ခုတ်ပိုင်း မဆုတ်ဆိုင်းပဲ လိုတိုင်းလှူရာ ပုံစုပါသော် မဟာနေရု မြင့်မိုရ်ထုတည်း လှူပြုမျက်လုံး မိုးကြယ်ရုံးမျ

http://www.dhammadownload.com

ကျင့်ထုံးစာဂီ ပါရမီဒါန တပါးမျှကို ပြောပမကုန် မြေမိုး တုန်အောင် ဗိုလ်ပုံစုပြီး လက်ဖျောက်တီး၍ အံ့ချည်း စရာ ဖြစ်ဖွယ်သာတည်း။

၃။ ပါရမီဆယ်ဆူ ဖြည့်ဟန်မူကို ကြံသူဟီးချ ကြက် သီးထမျှ ကြီးလှကရုဏာ မဟန္တာကို သမ္မဒါဟေတု အကြောင်းပြု၍ ပေါင်းစုကျိုးပေါ် တန်ခိုးတော်နှင့် ဉာဏ်တော်ရုပ်ဆင်း တုဘက်ကင်းလျက် ဖျက်ခွင်း ကိလေ သမုဒ္ဆေဟု ခေါ်ထွေပဟာန ဤလေးဝဖြင့် ဖလ သမ္မဒါ ခြံရံကာလျှင် သတ္တာနုရင့် ထောက်မျော်ချင့်၍ ကျွတ်ခွင့်ရှိသူ ချွတ်တော်မူလျှက် ဗိုလ်လူအနန္တ မြိုက်သုခကို ရကြကျိုးစု ကိုယ်တော်ပြုသား သတ္တ ပကာရ မည်ရသမ္မဒါ ဂုဏ်ဖြာဖြာဖြင့် ထုံကာကြိုင် လတ် ကိုယ်တော်မြတ်၏ စက်မှတ်စုံလင် ဖဝါးပြင်ကို ကြည်လင်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာ ဘုရား မြတ်စွာဘုရား။

ဖြန့်ဝေလိုက်တဲ့စာရွက်မှာ ရွှေဥမင်ဆရာတော် နေရင်းဆရာတော်တို့ ပွားများတဲ့ ဘုရားဂုဏ်တော်ကွန်ချာ (၁၀၈) လုံး ပုတီးစိပ်နည်းဖြင့် ဗုဒ္ဓါနုဿတိဘာဝနာ ပွာများမယ်ဆိုရင် ပို၍နားလည်သွားပါပြီ၊ အဲဒီတော့

http://www.dhammadownload.com

စာရွက်ကိုကြည့်ရအောင်ပါ အနုလုံပဋိလုံ အနုလုံပဋိလုံ အနုလုံပဋိလုံ ဆိုတဲ့ အတွဲလိုက်အတွဲလိုက်ကို တွဲကြည့်ရင် (၁၀)တွဲရှိတယ်။ အဲတော့ ထို (၁၀)တွဲကိုကြည့်ပြီး အစအဆုံး အရဟံကနေ ဘဂဝါထိ ပွားများသွားကြပါမယ်၊ ဒီရွှေဉမင်ဆရာတော် နေရင်းဆရာတော်တို့ရဲ့ ဂုဏ်တော်ကွန်ချာ ပွားများနည်းမှာ ဂုဏ်တော်အကြိမ်ပေါင်း (၁၀၈)ပုဒ်ရှိတယ်၊ စိပ်ပုတီးမှာလည်း (၁၀၈)လုံး ရှိတယ်ဆိုတော့ (၁၀၈)လုံး ပုတီးနဲ့လည်း ကွက်တိဖြစ်သွားတယ် အဲဒီတော့ ဖြန့်ဝေလိုက်တဲ့စာရွက်ကြည့်ပြီးတော့ ညီညီညာညာ ဘုရားဂုဏ်တော်ကွန်ချာ (၁၀)တွဲဖြင့် ဘုရားရှိခိုးပူဇော်ရအောင်

ရွှေဉမင်ဆရာတော် နေရင်းဆရာတော်တို့

ဘုရားဂုဏ်တော်ကွန်ချာ (၁၀၈)လုံး ပုတီးစိပ်နည်း

အနုလုံ။ ။အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ၊ (၉)လုံး ပဋိလုံ။ ။ဘဂဝါ၊ ဗုဒ္ဓေါ၊ သတ္ထာ ဒေဝမနုဿာနံ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊ (၉)လုံး

http://www.dhammadownload.com

အနုလုံ။ ။အ,ရဟံ (၁)လုံး

ပဋိလုံ။ ။အရ,ဟံ (၁)လုံး

အနုလုံ။ ။အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ။ (၂)လုံး

ပဋိလုံ။ ။သမ္မာသမ္ဗုဒ္ဓေါ။ အရဟံ၊ (၂)လုံး

အနုလုံ။ ။အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ။ ဝိဇ္ဇာစရဏသမ္ပန္နော၊ (၃)လုံး

ပဋိလုံ။ ။ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ။ အရဟံ၊ (၃)လုံး

အနုလုံ။ ။အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ။ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ (၄)လုံး

ပဋိလုံ။ ။သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ။ အရဟံ၊ (၄)လုံး

အနုလုံ။ ။အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ။ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊(၅)၊လုံး

ပဋိလုံ။ ။လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ။ အရဟံ၊ (၅)လုံး

အနုလုံ။ ။အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ။ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ (၆)လုံး

http://www.dhammadownload.com

ပဋိုလုံ။ ။အနုတ္တရော ပုရိသဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊ (၆)လုံး

အနုလုံ။ ။အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ (၇)လုံး

ပဋိုလုံ။ ။သတ္ထာ ဒေဝမနုဿာနံ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊ (၇)လုံး

အနုလုံ။ ။အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ (၈)လုံး

ပဋိုလုံ။ ။ဗုဒ္ဓေါ၊ သတ္ထာ ဒေဝမနုဿာနံ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊ (၈)လုံး

အနုလုံ။ ။အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာ ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ၊ (၉)လုံး

http://www.dhammadownload.com

ပဋိလုံ။ ။ဘဂဝါ၊ ဗုဒ္ဓေါ၊ သတ္ထာ ဒေဝမနုဿာနံ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ၊ (၉)လုံး

ဒီနည်းဟာ ဝိဘင်းအဋ္ဌကထာမှာ ပြထားတဲ့ (၃၂) ကောဋ္ဌာသကို အနုလုံ+ပဋိလုံနည်းနှင့် ရွတ်ဆိုဆင်ခြင် ရမယ်ဟူသော နည်းနှင့် ညီညွတ်ပါတယ်။

(၃၂) ဓာတုကမ္မဋ္ဌာန်းပါဠိနှင့် မြန်မာပြန်

အနုလုံ

အတ္ထိ ဣမသ္မိံ ကာယေ -
ကေသာ လောမာ နခါ ဒန္တာ တစော၊
မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ
ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖာသံ
အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂီ၊
ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ။
အာသု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ
မုတ္တန္တိ။

ငါ၏ကိုယ်မှာ

(၁) ဆံပင် (၂) မွေးညင်း (၃) ခြေသည်းလက်သည်း (၄) သွား (၅)အရည် (၆)အသား (၇) အကြော (၈)

http://www.dhammadownload.com

အရိုး (၉) ရိုးတွင်းချဉ်ဆီ (၁၀) အညို့ (၁၁)နှလုံး (၁၂) အသည်း (၁၃) အမြွေး (၁၄) အဖျဉ်း (၁၅) အဆုပ် (၁၆)အူမ (၁၇)အူသိမ် (၁၈) အစာသစ် (၁၉)အစာ ဟောင်း (၂၀)ဦးနှောက်(၂၁)သည်းချေ (၂၂) သလိပ် (၂၃)ပြည် (၂၄)သွေး (၂၅)ချွဲး (၂၆)အဆီခဲ (၂၇)မျက်ရည် (၂၈) ဆီကြည် (၂၉) တံတွေး (၃၀) နှပ် (၃၁) အစေး (၃၂) ကျင်ငယ် တို့သာ ရှိကုန်သည်တကား။

(၃၂) စကားဆိုသော ကမ္မဋ္ဌာန်းပါဠိနှင့် မြန်မာပြန် ပဒိုလုံ

မုတ်ဆံ လသိကာ သိယ်ဘကိကာ ခေဠာ ဝသာ အာသု၊
မေဒေါ သေဒေါ လောဟိတံ ပုဗ္ဗော သေမ့် ပိတ်ဆံ၊
မတ္ထလုင်္ဂ် ကရိသံ ဥဒရိယံ အန္တဂုဏ် အန်ဆံ၊
ပဖ္ဖာသံ ပိဟတံ ကိလောမကံ ယကနံ ဟဒယံ၊
ဝက်ဆံ အဋ္ဌိမိဉ္ဇံ အဋ္ဌိ နှာရု မံသံ၊
တစော ဒန္တာ နခါ လောမာ ကေသာ။

ငါ၏ကိုယ်မှာ

ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်၊
အဆီခဲ၊ ချွဲး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ၊
ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊

http://www.dhammadownload.com

အဆုတ်၊ အဖျဉ်း၊ ရိုးတွင်းခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေ၊ သွား၊ ခြေသည်း,လက်သည်း၊ အမွေး၊ ဆံပင်တို့သာ ရှိကုန်သည်တကား။

သုဘူတိထေရောပဒါန်လာ စကား

အံ့ဒီဘုရားဂုဏ်တော်ကွန်ချာနဲ့နေ့စဉ် (၁၀၈)လုံး ပုတီးလုံးကို ဘယ်လောက်တောင် စိပ်ရမလဲဆိုတော့ (၁၂)ခေါက် (၁၂)ပတ်စိပ်ရမှာပဲ၊ အံ့ဒီလို ဂုဏ်တော်တွေ ပွားပြီဆိုရင်တော့ ဘေးရန်အန္တရာယ်တွေမှလည်း ကင်းရှင်းသွားလိမ့်မယ် လိုအင်ဆန္ဒတွေလည်း ပြည့်ဝ သွားလိမ့်မယ့် အံ့ဒီတော့ ဘေးရန်အန္တရာယ်တွေ ကင်းရှင်း ဖို့ လိုအင်ဆန္ဒတွေ ပြည့်ဝပုံကိုတော့ သုဘူဘိထေရာပါဒါန် ပါဠိတော်ကို အကျဉ်းချုပ်ပြီး ပြောပြပါ့မယ်၊ ဘုန်းဘုန်းတို့ မြတ်စွာဘုရားရှင် သာဝတ္ထိပြည်မှာ သီတင်းသုံးတော့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးတယ် ဇေတဝန်ကျောင်း ဒကာကြီးက အနာထပိဏ်သူဌေးကြီးပါ၊ အနာထပိဏ် သူဌေးရဲ့ညီက သုဘူတိသူဌေးတဲ့၊ သုဘူတိသူဌေး သံဝေဂ ရပြီး ရဟန်းဝတ်လိုက်တော့ သုဘူဘိမထေရ်လို့ ဖြစ်လာ တယ်၊ တရားအားထုတ်လိုက်တော့ ရဟန္တာဖြစ်သွားတယ်၊

http://www.dhammadownload.com

ရဟန္တာတောင်မှ ရိုးရိုးရဟန္တာမဟုတ်ပဲနဲ့ ဓေတဒင်ရတဲ့ မဟာသာဝကရဟန္တာဖြစ်လာတယ်၊ ဓေတဒင်တောင်မှ တစ်ထပ်ကွမ်းမဟုတ်ဘူး နှစ်ထပ်ကွမ်း ဓေတဒင်ရတဲ့ ရဟန္တာဖြစ်သွားတယ်။

အဲ့ဒီသုဘူတိမထေရ်က ကမ္ဘာတစ်သိန်းထက်မှာ ပွင့်တဲ့ ပဒုမုတ္တိုရ်ဘုရားရှင်ရဲ့ လက်ထပ်မှာ ကောသိယ ရသေ့ ဖြစ်ပါတယ်။ တစ်ရက်မှာတော့ ပဒုမုတ္တိုရ်ဘုရား ရှင်က သုဘူတိမထေရ်လောင်း ကောသိယရသေ့နေတဲ့ တောထဲကို ကြွလာတယ် ကောသိယရသေ့က ပဒုမုတ္တိုရ် ဘုရားရှင် သူဆီကို ကြွလာတဲ့အခါ ပုဏ္ဏားဘဝကနေ ရသေ့ဝတ်လာ တာဆိုတော့ ပဒုမုတ္တိုရ်ဘုရားရှင်ရဲ့ လက္ခဏာတော် ကြီးငယ်တွေကို ဗေဒင်မန္တာန်နဲ့ စစ်ဆေး လိုက်တဲ့အခါ ဒါဘုရားရှင်ပဲလို့ သိသွားတယ်၊ အဲ့ဒါနဲ့ပဲ စျာန်အဘိဉာ ဉ်ရတဲ့ရသေ့ဆိုတော့ တောထဲတောင်ထဲမှာ ရှိတဲ့ တောပန်းတောင်ပန်းတွေ ခူးပြီး အမွှေးနံ့သာ မွှေးကြိုင်တဲ့ပန်းတွေခူးပြီးတော့ ပူဇော်သနလို့ခေါ်တဲ့ ပန်း နေရာအခင်းကြီး ပြင်ပေးလိုက်တယ် ပန်းနေရာအခင်းကြီး ပြင်ပြီးတော့ အရှင်ဘုရားအတွက် မြေပြင်မှာ ပန်းနေရာ ထိုင်ခင်းကြီး ခင်းပြီးပါပြီ တပည့်တော်ကို ချီးမြှောက်တဲ့

http://www.dhammadownload.com

အနေနဲ့ ပုပ္ပါသနပန်းခင်း ကုသုမာသန ပန်းနေရာထိုင် အခင်းပေါ်မှာ သီတင်းသုံးတော်မူပါ ဒီလိုလျှောက်ထား လိုက်တယ် အဲဒီအခါမှာ ပဒုမုတ္တိရ် ဘုရားရှင်က ပန်း နေရာထိုင်အခင်းကြီးပေါ်မှာ ထိုင်ပြီးတော့ ခုနှစ်ရက် ပတ်လုံး နိရောဓသမာပတ်ဝင်စားလိုက်တယ် နိရောဓ သမာပတ်ဆိုတာ ခုနက စစချင်းတည်လိုက်တဲ့ သောဋ္ဌသ ဗလစေတီပါတဲ့ ဂုဏ်တော်တွေက ဗလ(၂)ပါး သမာဓိ စရိယာ(၉)ပါး ဝသီဘော်(၅)ပါးတို့ပါဝင်တယ်၊ ဒါက ဘုန်းဘုန်းတို့ ကိုရီးယားစေတီတည်မှ အသစ်ဖော်ထုတ် လိုက်တဲ့စေတီပါ မနှစ်ကဖော်ထုတ်ထားတဲ့ သောဋ္ဌသ စေတီ(၉)ဆူထဲက (၉)ဆူမြောက် သောဋ္ဌသစေတီက သောဋ္ဌသညာဏ စရိယစေတီပါ။ ဒီသောဋ္ဌသဗလစေတီ+ သောဋ္ဌသညာဏစရိယာ စေတီတွေမှာပါတဲ့ တရားတွေကို ဝင်စားပြီးရင် နိရောဓသမာပတ် ဖြစ်သွားတယ်။

ပဒုမုတ္တိရ်ဘုရားရှင်၏ တိုက်တွန်းချက်

နိရောဓသမာပတ်မှ ထတဲ့အခါ ပဒုမုတ္တိရ် ဘုရားရှင်က ကောသိယရသေ့ကြီးကို ပန်းနေရာထိုင်ခင်း လျှဒါန်း တဲ့အတွက် အနုမောဒနာပြုတယ် အနုမောဒနာ ပြုတဲ့အခါ

http://www.dhammadownload.com

"ဘာဝေတိ ဗုဒ္ဓါနုဿတိ၊ ဘာဝနာန မနုတ္တရံ"၊
ဣမံသတိ ဘာဝယိတ္ထာ၊ ပူရယိဿသိ မာနသံ။

ဂါထာရဲ့ အဓိပ္ပါယ်က ဘာဝနာ ကမ္မဋ္ဌာန်း လေးဆယ်တို့တွင် အမြတ်ဆုံးဖြစ်တဲ့ ဘုရားဂုဏ်ကို ပွားများခြင်း ဗုဒ္ဓါနုဿတိဘာဝနာကို နေ့စဉ်နေ့တိုင်း အချိန်မှန်ထားပြီးတော့ သင့်ရဲ့သွေးကြီး ပွားများလိုက်ပါ အဲဒီဗုဒ္ဓါနုဿတိ ဘာဝနာကိုသာ အချိန်မှန် နေ့စဉ်မှန်မှန် ထားပြီး သင်ပွားများမယ်ဆိုရင် သင့်ရဲ့ စိတ်အလိုဆန္ဒတွေ တလုံးတဝဆဲတင်မက ပြည့်လျှံကျသွားအောင် ပြည့်စုံပါ လိမ့်မယ်။ ဒီလိုအဓိပ္ပါယ်ရတယ် ဒီလောက်တင် မကသေးဘူး ရှေ့ဆက်ပြီးတော့ ဒီကောသိယ ရဲ့သွေးကြီး ပန်းနေရာထိုင်ခင်းလှူဒါန်းတဲ့ ကောင်းကျိုးဘာတွေ ရနိုင်သလဲလို့ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ကြည်လိုက်တော့ တွေ့သွားတယ် တွေ့တာတွေကို ပဒုမုတ္တိရ ဘုရားရှင်က ဆက်ပြီးတော့ ဟောပြတယ်။

ဒါဘုရားရှင်ကို ပန်းနေရာထိုင်အခင်းနဲ့ လှူဒါန်း ရတဲ့ကုသိုလ်ကြောင့် ကမ္ဘာသုံးသောင်းပတ်လုံး နတ်ပြည်မှာပဲ ဖြစ်ရလိမ့်မယ် အပါယ်လေးဘုံမှာ လုံးဝမဖြစ်ရဘူး တာဝတိံသာနတ်ပြည်မှာ အုပ်ချုပ်ရတဲ့ သိကြားနတ်မင်း

http://www.dhammadownload.com

အကြိမ်ပေါင်းက (၈၀)ထိဖြစ်လိမ့်မယ် ။ လူပြည်မှာ မိုးအောက်မြေအပြင် တစ်ကမ္ဘာလုံးကို အုပ်ချုပ်တဲ့မင်းကို ဘာမင်းလို့ခေါ်လဲ စကြဝတေးမင်းလို့ခေါ်တယ် စကြဝတေးမင်း အကြိမ်ပေါင်းက (၁၀၀၀)ထိဖြစ်လိမ့်မယ် အဲဒီတော့ အားရစရာကြီးပဲနော် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ စက်ာပူနိုင်ငံ၊ ကိုးရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အမေရိကန်နိုင်ငံစတဲ့ အဲဒီလို အစိတ်စိတ် နိုင်ငံလေးတွေကို အုပ်ချုပ်ရတဲ့ ပဒေသရာဇ် ဧကရာဇ်မင်းဆိုတာ ရေတွက်လို့မရနိုင်အောင်ကိုပဲ အကြိမ်များစွာ ဖြစ်ပါလိမ့်မယ်၊ ဒါဋ္ဌဒ္ဓါနုဿတိ ဘာဝနာ ပွားများရခြင်းရဲ့ အကျိုးပါပဲ။ ရှင်ဘုရင် မင်းတင်လားဆိုတော့ မဟုတ်သေးပါဘူး။

ဘဝါဘဝေ သံသရန္တော။ မဟာဘောဂံ လဘိဿသိ။
ဘောဂေ တေ ဥိနတာ နတ္ထိ၊ ဋ္ဌဒ္ဓါနုဿတိယာ ဖလံ။

ကမ္ဘာတစ်သိန်းဆိုတော့ ဘဝခန္ဓာပေါင်း အကြိမ်များစွာ ဖြစ်ရလိမ့်မယ် အဲဒီလို အကြိမ်များစွာဖြစ်တဲ့အခါ သူဌေးကြီးအနေနဲ့ အကြိမ်ပေါင်း မရေတွက်နိုင်အောင် ဖြစ်လိမ့်မယ် အဲ့ဒီလိုဖြစ်လာတဲ့အခါ ခုခေတ်သူဌေးကြီးတွေလို ဒေဝါလီ ခံရတာမျိုး ဆင်းရဲသွားတာမျိုး မွဲသွားတာမျိုး ရှိသလားဆိုတော့ ဘောဂေ တေ ဥိနတာ နတ္ထိ တဲ့

http://www.dhammadownload.com

တေ-သင်၏၊ ဘောဂေ-ပိုင်ဆိုင်သောဥစ္စာ စည်းစိမ်၌၊ ဥိနတာ-ယုတ်လျော့သွားခြင်းသည်၊ နတ္ထိ လုံးဝမရှိဘူးတဲ့။ အဲ့ဒီတော့ တော်တော်ကိုပဲ အားရစရာ ကောင်းတယ်၊ ဆက်ပြီးတော့ ဗျာဒိတ်ပေးနေပါတယ်။

နောင်ကမ္ဘာတစ်သိန်းကြာတဲ့အခါ ဂေါတမဘုရား ပွင့်လိမ့်မယ် အဲ့ဒီအခါမှာ သင်ဟာ အလွန်ချမ်းသာတဲ့ ကုဋ္ဌေရှစ်ဆယ်သူဌေးမျိုးမှာ ဖြစ်ပြီးတော့ မိမိပိုင်ဆိုင်တဲ့ ကုဋ္ဌေရှစ်ဆယ်ကို အကုန်လုံး တံတွေးလိုပဲ စွန့်ပစ် ပြီးတော့ ဂေါတမဘုရားအထံမှာ ရဟန်းပြုလိမ့်မယ် ရဟန်းပြုပြီး တရားအားထုတ်တဲ့အခါ သုဘူတိဆိုတဲ့ နာမည်နဲ့ ရဟန္တာ ဖြစ်လိမ့်မယ် ရိုးရိုးရဟန္တာတောင် မဟုတ်ပဲနဲ့ ဒက္ခိဏေယျ အရာမှာ အသာဆုံး၊ အရဏဝိဘင်္ဂ် အရာမှာ အသာဆုံး ဧတဒဂ်နှစ်ထပ်ကွမ်းလည်း သင်ရလိမ့်မယ်တဲ့၊ အဲဒီလို ဗျာဒိတ်ပေးလိုက်တော့ ကောသိယရသွေးကြီးဟာ အလွန် ဝမ်းသာသွားတယ် "သြော် နိရောဓသမာပတ်ထပြီးကာစ ငါလျှ။ရလိုက်တဲ့ ပန်းနေရာ ထိုင်အလျှ။ အကျိုးဟာ အင်မတန် ကြီးပါလား" အဲ့ဒီတော့ ကောသိယရသွေးကြီးဟာ ပဒုမုတ္တိုရ်ဘုရားရှင် ဆုံးမတိုက်တွန်းတဲ့ အတိုင်းလည်း နေ့စဉ်နေ့တိုင်း အချိန်မှန်ထားပြီးတော့ ဗုဒ္ဓါနုဿတိ ကိုပွားများတယ် ဒါကို သူကိုယ်တိုင်ပဲ ဝန်ခံတယ်။

http://www.dhammadownload.com

သာသီတော လောကနာထေန၊ နမသိတ္ထာ တထာဂတံ။
သဒါ ဘာဝေမိ မုဒိတော၊ ဗုဒ္ဓါနုဿတိ မုတ္တမံ။

ဗုဒ္ဓါနုဿတိ ပွားများရကျိုးများ

ပဒုမုတ္တိရ် မြတ်စွာဘုရားရှင် ဆုံးမတိုက်တွန်းတဲ့ အတိုင်း ပဒုမုတ္တိရ်ဘုရားရှင်ကို ရှိခိုးပြီးတော့ အမြတ်ဆုံး ဖြစ်တဲ့ ဗုဒ္ဓါနုဿတိ ဘာဝနာကမ္မဋ္ဌာန်းကို ဝမ်းမြောက် ကြည်သာ နေ့စဉ် ပွားများလာခဲ့ပါတယ်တဲ့။ အဲဒီလိုပွားများ လို့ သူကွယ်လွန်တဲ့အခါ တာဝတိံသာနတ်ပြည်မှာ ဖြစ်တယ် ပဒုမုတ္တိရ်ဘုရားရှင် ဗျာဒိတ်ပေးတဲ့အတိုင်း ကမ္ဘာတစ်သိန်း အတွင်းမှာ သိကြားနတ်မင်းအကြိမ်ပေါင်း (၈၀)ဖြစ်ခဲ့ရပါတယ် လူပြည်မှာတော့ မိုးအောက်မြေပြင် တစ်ကမ္ဘာလုံးကို အုပ်ချုပ်ရတဲ့ စကြာဝတေးမင်း အကြိမ် ပေါင်းက (၁၀၀၀)ထိ ဖြစ်ခဲ့ရပါတယ်။ တစ်စိတ်တစ်ဒေသ တစ်နိုင်ငံ တစ်နိုင်ငံမှာ ဝန်ကြီးချုပ် သမ္မတ ဘုရင်အနေနဲ့ အုပ်ချုပ်ရတဲ့ ပဒေသရာဇ် ဧကရာဇ်မင်း အကြိမ်ဟာ ရေတွက်လို့တောင်မှ မရနိုင်ခဲ့ ပါဘူးတဲ့၊ ဒါတင်မကသေးပါ ဘဝကြီးငယ်မှာ သံသရာကျင်လည်တဲ့အခါ သူဌေးမျိုးမှာ လည်း ဖြစ်ခဲ့ရပါတယ် ထိုသူဌေးဖြစ်တဲ့အခါမှာလည်း သူပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေ ယုတ်လျော့သွားတာ

http://www.dhammadownload.com

မရှိပါဘူးတဲ့ ဒါကိုသူကိုယ်တိုင် ရရှိခဲ့ပုံတွေ ဟောပြလျှောက်ထားပြနေတယ်။ ဂေါတမဘုရားရှင်ကို လျှောက်ထားပြီးတော့ သံဃာတွေကို ဟောပြတယ်။

ဘဝါဘဝေ သံသရန္တော၊ မဟာဘောဂံ လဘာမဟံ။
ဘောဂေ မေ ဥနတာ နတ္ထိ၊ ဗုဒ္ဓါနုဿတိယာ ဖလံ။

ဂေါတမရှင်တော်မြတ်ဘုရား တပည့်တော်က ပဒုမုတ္တိုရ်ဘုရား ရှင်အား နိရောဓသမာပတ် ထပြီးစအချိန်မှာ ပန်းမွှေ့ယာ နေရာထိုင်အခင်းလှူဒါန်းတဲ့ကုသိုလ်ကြောင့် ဘဝကြီးငယ် အသွယ်သွယ်မှာ ကျင်လည်တဲ့အခါ သူဌေးမျိုးမှာ အကြိမ်များစွာ မရေမတွက်နိုင်အောင် ဖြစ်ခဲ့ရပါတယ် အဲဒီလိုဖြစ်တဲ့အခါ တပည့်တော်ပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေဟာ ယုတ်လျော့သွားတာမျိုးရန် သူမျိုးငါးပါးကြောင့် ပျက်စီးသွားတာမျိုးဆိုတာ လုံးဝမရှိခဲ့ပါဘူးဘုရား ဒီလိုလျှောက်ထားတယ် ဒါတင်မကသေးပါ ဆက်ပြီးတော့ လျှောက်ထားလိုက်သေးတယ်

သတသဟဿိတော ကပ္ပေ၊ ယံ ကမ္မ မကရိံ တဒါ၊
ဒုဂ္ဂတိ နာဘိဇာနာမိ၊ ဗုဒ္ဓါနုဿတိယာ ဖလံ။

ကမ္ဘာတစ်သိန်းအတွင်းမှာ ဘဝခန္ဓာအကြိမ်ပေါင်းမရေမတွက်နိုင်အောင် ဖြစ်တဲ့အခါ လူပြည် နတ်ပြည်

http://www.dhammadownload.com

သုဂတိဘုံ ဘဝတွေမှာချည်းပဲဖြစ်ခဲ့ရပါတယ်၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဆိုတဲ့ ဒုဂ္ဂတိ အပါယ်လေးဘုံကို တစ်ကြိမ်တစ်ခါမှ လုံးဝမကျရောက်ခဲ့ရပါဘူးဘုရား ဒီလို ဆိုတော့ အမြတ်ဆုံးဖြစ်တဲ့ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများရခြင်းရဲ့ အကျိုးတွေဟာ အလွန်အလွန်ကိုပဲ အားရစရာကျေနပ်စရာကြီး ဂုဏ်ယူစရာကြီးပဲ အဲ့ဒီတော့ ကိုယ်ပွားများတဲ့ ဗုဒ္ဓါနုဿတိ ဘာဝနာကလည်း အခုနက အခြေခံကစပြီး စနစ်တကျ ပြောလာခဲ့တယ် ဂုဏ်တော်အနန္တမြတ်ဗုဒ္ဓပါ။ ထိုမှတပါး အကျဉ်းချုပ် လိုက်တဲ့အခါ ဂုဏ်တော်(၉)ပါး ဖြစ်လာတယ်၊ ဂုဏ်တော်(၉)ပါးကို အကျဉ်းချုပ်လိုက်တဲ့အခါ ဂုဏ်တော်(၂)ပါး (၃)ပါး ဒီလိုအခြေခံစနစ်ကနေ သိပြီးမှ ဂုဏ်တော်ကွန်ချာနဲ့ ပွါးများမယ်၊ မပွားများခင် သောဋ္ဌသဗလစေတီကိုတည်လိုက်မယ် အဲဒီလိုဆိုရင် ဒီဂုဏ်တော်ကွန်ချာနဲ့ ပွားများတဲ့ပုဂ္ဂိုလ်တွေ ချက်ချင်း လက်ငင်းကိုပဲ အကျိုးပေးမှာပဲ အကျိုးကြီးမားစွာ ရရှိမှာပဲ အဲဒီတော့ ဘုန်းဘုန်းတို့ ကိုရီးယားစေတီတည်မယ်ဆိုတာနဲ့ ဒီဂုဏ်တော်တွေ ဒီစေတီတွေ တည်ဖြစ်တယ် ပွားများဖြစ်တယ်ဆိုတော့ ကုသိုလ်တွေကို အလွန်ပဲ ရလုပါပြီး၊ ဒီလောက်လေးပဲ ရမလားဆိုတော့ ဒီထက်မက အကျိုးတွေရပါမယ်။

http://www.dhammadownload.com

၁။ အင်္ဂုတ္တိုရ်ပါဠိတော်လာ အကျိုးများ(၇)ပါး

အင်္ဂုတ္တိုရ်ပါဠိတော် ဧကမဓမ္မပါဠိပထမဝဂ်၌ ဘုရား ရှိခိုးသူ ဘုရားဂုဏ်တော်ပွားများသူသည် အကျိုး(၇)မျိုးကို ရရှိနိုင်ကြောင်း ဘုရားရှင်ကိုယ်တော်တိုင် ဟောပြထား ပါတယ်။ ထိုအကျိုး(၇)မျိုးတို့ကတော့

၁။ ဝဏ္ဏဆင်းရဲ၌ ငြီးငွေ့ခြင်းအကျိုး

၂။ တွယ်တာတပ်မက်မှု ကင်းခြင်းအကျိုး

၃။ အကုသိုလ်ကိလေသာတို့ ချုပ်ငြိမ်းခြင်းအကျိုး

၄။ အကုသိုလ်ကိလေသာအပူမီး ငြိမ်းအေးခြင်းအကျိုး

၅။ ရုပ်နာမ်ဖြစ်ပျက်ကို သိမြင်ခြင်းအကျိုး

၆။ သစ္စာလေးပါးကို မျက်မှောက်ပြုသိမြင်ခြင်းအကျိုး

၇။ နိဗ္ဗာန်ကိုရရှိခြင်းအကျိုး တို့ဖြစ်ပါတယ်။ (အံ၊ ၁၊ ၃၂၂)

(လက်ာ) အင်္ဂုတ္တိုရ်လာ၊ ဗုဒ္ဓါနုဿတိ၊ ပါဠိကျိုးရှိကို၊ သိဖို့ဆိုအံ့၊ ထိုထိုဆင်းရဲ၊ သံသာဝဲကို၊ အမြဲငြီးငွေ့၊ ဓလေ့ဆိုးလှ၊ ရာဂစဖြာ၊ ကိလေသာတို့၊ ကင်းကွာပြတ်စဲ၊ ဝဏ္ဏဆင်းရဲကို၊ ပယ်ချဲမကပ်၊ ကိလေဓာတ်ကို၊ ပယ်သတ်ညှင်းဆဲ၊ ဝဏ္ဏဆင်းရဲကို၊ မလွဲချုပ်စေ၊ ကိလေညစ်ကြေး၊ အပြစ်ဘေးကို၊ ငြိမ်းအေးစွာလှ၊ သန်္ဓတကို၊ အနိစ္စရူ၊ စပြုလက္ခဏာ၊ ပညာထူးသည့်၊ မှတ်ဘိဒုက္ခ၊ သမုဒယ၊ နိရောဓ

http://www.dhammadownload.com

နှင့်၊ မဂ္ဂတစ်ဖြာ၊ လေးသစ္စာကို၊ ကောင်းစွာသိမှန်၊ မဂ်လေးတန်ကို၊ တစ်ဖန်ထိုးထွင်း၊ သိမြင်ခြင်းမှတ်၊ အရဟတ္တဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်သည်၊ ကျမ်းထောက် ဂုဏ်တော်ပွားကျိုးတည်း။ (မဟာဝိသုဒ္ဓါရုံဆရာတော်)

၂။ မဟာနာမသုတ်လာ အကျိုးများ (၁၁)ပါး

အဂ်ုတ္တိရ်မဟာနာမသုတ်မှာတော့ မြတ်စွာဘုရား ရှင်က နောင်တော် မဟာနာမ်မင်းအား ဘုရားဂုဏ်တော် ပွားများသဖြင့် လက်ငင်းချက်ချင်း ရရှိနိုင်သော အကျိုး (၁၁)မျိုးကို ဟောပြထားပါတယ်။

မဟာနာမ် ။ ။ ။ အရိယာတပည့်အား မြတ်စွာဘုရား ရှင်၏ ဂုဏ်ကျေးဇူးကို အောက်မေ့ဆင်ခြင်ပွား များနေသောအခိုက်၌ -

၁။ တပ်မက်မှုရာဂ ထက္ကြဖိစီးနှိပ်စက်သောစိတ် မဖြစ်ရတော့ပြီ။

၂။ စိတ်ဆိုးမှုဒေါသ ထက္ကြဖိစီးနှိပ်စက်သောစိတ် မဖြစ်ရတော့ပြီ။

